ကုလသမဂ္ဂ

အထွေထွေညီလာခံ

A/HRC/45/60

ဖြန့်ချိမှု ။ အထွေထွေ

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၇) ရက်နေ့

မူရင်း။ အင်္ဂလိပ်ဘာသာ

**လူ့အခွင့်အရေးကောင်စီ**

**လေးဆယ့်ငါးကြိမ်မြောက် အစည်းအဝေး**

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်မှ အောက်တိုဘာလ (၂) ရက်နေ့အထိ

အစည်းအဝေး အစီအစဉ် အမှတ် (၄)

**ကောင်စီမှ အလေးထား ဆောင်ရွက်ရန် လိုအပ်နေသည့် လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများ**

# မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား၏ အစီရင်ခံစာ

အကျဉ်းချုပ်

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား၏ ပထမ အစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီထံ တင်ပြခဲ့ပြီးနောက် အထွေထွေအတွင်းရေးမှူးချုပ်က ယန္တရားသည် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့မှ စတင်၍ လုပ်ငန်းလည်ပတ်နေပြီဟု သတ်မှတ်ခဲ့သည်။ လုပ်ငန်းလည်ပတ်မှု၏ ပထမနှစ်တွင် ယန္တရားသည် ၎င်း၏ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကဏ္ဍပေါင်းစုံတွင် ၎င်း၏ လုပ်ငန်းလည်ပတ်မှုများနှင့် လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထားပြီး အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့သည်။ စပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ သက်ဆိုင်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုများ၊ ပေးအပ်ထားသော လုပ်ပိုင်ခွင့်ဆိုင်ရာ အဓိကလုပ်ငန်းများကို အကောင်အထည်ဖော်ခြင်း စသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ အဆိုပါ ကဏ္ဍနယ်ပယ်အားလုံးတွင် သိသာထင်ရှားသော တိုးတက်မှုများရှိခဲ့ပြီး၊ ထိုအကြောင်းများကို ဤအစီရင်ခံစာတွင် အသေးစိတ် ဖော်ပြသွားမည် ဖြစ်ပါသည်။

သို့သော် တစ်ကမ္ဘာလုံးတွင် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ ဖြစ်ပွားလာသည့် နောက်ပိုင်းတွင် ယန္တရား၏ အစီအစဉ်များကို ချိန်ညှိရန် လိုအပ်လာခဲ့ပါသည်။ ကပ်ရောဂါသည် ယန္တရားအတွက် ဝန်ထမ်းများ ခန့်အပ်ခြင်းနှင့် ၂၀၂၀ ခုနှစ် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အစီအစဉ်များကို အနှောက်အယှက်ဖြစ်စေခဲ့သည်။ ထို့အပြင် ၎င်းသည် ၂၀၂၀၏ ကျန်ရှိသော ကာလများနှင့် ၂၀၂၁ ခုနှစ်တွင် အကောင်အထည်ဖော်ရန် စီစဉ်ထားသည့် ယန္တရား၏ လုပ်ငန်းလည်ပတ်မှုများနှင့် ပတ်သက်၍ မသေချာမရေရာမှု အချို့ကိုလည်း

ဖြစ်ပေါ်စေခဲ့ပါသည်။ အထူးသဖြင့် သက်ဆိုင်သူများနှင့် ဆက်သွယ် တွေ့ဆုံပြီး သက်သေခံအထောက်အထားများ စုဆောင်းမည့် ကိစ္စများ ဆောင်ရွက်မည့် ကိစ္စကို မရေမရာ ဖြစ်စေခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ယန္တရားသည် ကပ်ရောဂါ စတင်ဖြစ်ခဲ့သော အချိန်မှစ၍ ပြောင်းလဲလာသော အခြေအနေများ အပေါ်မူတည်၍ ယန္တရား၏ လုပ်ငန်း လည်ပတ်မှုများနှင့် လုပ်ငန်းစဉ်များကို ချိန်ညှိ၍ လိုက်ဖက်ညီစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် လုပ်ကိုင်နိုင်ခဲ့သည်။ ယန္တရားသည် ထိုသို့ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက် သွားမည်ဖြစ်ပြီး ပိတ်ပင်တားဆီးမှုများနှင့် အကန့်အသတ်များ ဆက်လက်ရှိနေသည့် တိုင်အောင် ယန္တရား၏ လုပ်ပိုင်ခွင့်ကို အတတ်နိုင်ဆုံး အကောင်အထည်ဖော်သွားမည်။

ယန္တရားသည် ရှေ့ဆက်၍ သက်သေနှင့် သတင်းအချက်အလက်များ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းအလုပ်များကို နောက်ထပ် တိုးချဲ့လုပ်ဆောင်သွားမည်။ ထိုလုပ်ငန်းများအား COVID-19 ကပ်ရောဂါ အားလျော့သွားသည်နှင့် တပြိုင်နက် လုပ်ငန်းအထူးအဖွဲ့(missions)များဖြင့် အထောက်အပံ့ပေး ကူညီသွားမည် ဖြစ်သည်။ ယန္တရားသည် လိုအပ်သော နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများ၊ ဆော့ဖ်ဝဲနှင့် အထူးပြု စွမ်းဆောင်ရည်များ ရယူခြင်းကို တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် သတင်းအချက်အလက်ပေးသူများ၏ ဘေးကင်းမှု၊ လုံခြုံမှု၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စများအပါအဝင် သတိထားရမည့် အခြေအနေများ အားလုံးကို ယန္တရားအနေဖြင့် စိတ်ချကျေနပ်သည်ဟု ယူဆပါက သက်သေခံအထောက်အထားပစ္စည်းများကို တရားရုံးများနှင့် ခုံရုံးများသို့ ပေးပို့ခြင်းကို ယခင်ကဲ့သို့ တက်ကြွစွာ ဆောင်ရွက်သွားမည်ဖြစ်သည်။ နောက်ဆုံးတွင် ယန္တရားသည် အလွှာအသီးသီးမှ ပါဝင်ပတ်သက်ကြသူများအား ယန္တရားနှင့်စပ်ဆိုင်သော နောက်ဆုံးသတင်းများ၊ တိကျသော သတင်းအချက်အလက်များကို အသိပေးနိုင်ရန် ၎င်း၏ ပြန်ကြားဆက်သွယ်ခြင်း၊ အများပြည်သူနှင့် အပြန်အလှန် ကမ်းလင့်ဆက်သွယ်ခြင်း မဟာဗျူဟာကို ဆက်လက် အကောင်အထည်ဖော် လုပ်ဆောင်သွားမည်။

ယန္တရား၏ လုပ်ပိုင်ခွင့်ကို ထမ်းဆောင်ရန်အလို့ငှာ၊ ယန္တရားသည် COVID-19 ကပ်ရောဂါ အခြေအနေအပါအဝင် စပ်ဆိုင်ရာ အခြေအနေများကို ဆက်လက် စိစစ်အကဲဖြတ်ပါမည်၊ ထိုသို့ဆောင်ရွက်ရာတွင် ယန္တရား၏ လုပ်ငန်းနည်းနာနှင့် လုပ်ကိုင်ပုံများကို ပြန်လည်သုံးသပ်ခြင်း၊ ၎င်း၏ လုပ်ငန်းများကို တမူကွဲပြားသည့် နည်းလမ်းများ၊ ၊ ပြောင်းလွယ်ပြင်လွယ်ရှိသော နည်းလမ်းများဖြင့် အားကောင်းထိရောက် စေရန် ဆောင်ရွက်သွားမည်။ အဆုံးစွန်အားဖြင့် ယန္တရားသည် မြန်မာနိုင်ငံအတွင်း ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြသူများအား တရားစီရင်၍ ပြစ်ဒဏ်ချချမှတ်နိုင်ရန် လိုအပ်သည့် အထောက်အထားများကို လျင်လျင်မြန်မြန် ပြည့်ပြည့်စုံစုံ စုစည်းခြင်းနှင့် အခြား ပေါ်ပေါက် လာနိုင်ဖွယ်ရှိသော အခက်အခဲများကို ကျော်လွှား၍ ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ် ထားပါသည်။

# မာတိကာ

စာမျက်နှာ


I. နိဒါန်း ..... ၄

II. ၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်အတွင်း ယန္တရား၏ တိုးတက်မှု ..... ၆

က. လုပ်ငန်းလည်ပတ်မှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းဖြစ်စဉ်များ ..... ၇

ခ. သက်ဆိုင်သူများနှင့် ဆက်သွယ်လုပ်ကိုင်မှု၊ အများပြည်သူနှင့် ကမ်းလင့်ဆက်သွယ်ခြင်း ..... ၉

ဂ. ယန္တရား၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ခြင်း ..... ၁၁

III. ရှေ့လုပ်ငန်းစဉ် နည်းဗျူဟာနှင့် အစီအစဉ်များ ..... ၁၇

က. ယန္တရား၏ စုဆောင်းခြင်း၊ စုစည်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းများ ထပ်မံတိုးချဲ့မှု ..... ၁၇

ခ. ဆက်သွယ်လုပ်ကိုင်ခြင်း၊ သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများနှင့် သက်သေခံအထောက်အထားများ စုဆောင်းရန်အတွက် လုပ်ငန်းအဖွဲ့များ စေလွှတ်မှု ..... ၁၈

ဂ. သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများနှင့် သက်သေခံအထောက်အထားများကို မျှဝေခြင်း ..... ၂၀

ဃ. အရင်းခံလုပ်ငန်း အထောက်အကူပြု နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများ၊ ဆော့ဖ်ဝဲ နှင့် စွမ်းဆောင်ရည် အရင်းအမြစ်များ ရယူခြင်း ..... ၂၀

င. သက်ဆိုင်သူများနှင့် ဆက်သွယ်လုပ်ကိုင်မှု၊ အများပြည်သူနှင့် ကမ်းလင့် ဆက်သွယ်မှု ..... ၂၂

IV. နိဂုံး ..... ၂၂

# I. နိဒါန်း

၁။ လူ့အခွင့်အရေးကောင်စီသည် ၎င်း၏ ဆုံးဖြတ်ချက်အမှတ် ၃၉/၂ အရ ၂၀၁၁ ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အကြီးလေးဆုံးဖြစ်သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုများ၏ သက်သေခံအထောက်အထားများကို အပြည်ပြည်ဆိုင်ရာ ဥပဒေစံချိန် စံညွှန်းများ နှင့်အညီ စုဆောင်းရန်၊ ပေါင်းစည်းရန်၊ ထိန်းသိမ်းထားရန်နှင့် စိစစ်သုံးသပ်ရန် အပြင် အဆိုပါ ရာဇဝတ်မှုများ အပေါ် တရားစီရင်ပိုင်ခွင့်ရှိသော သို့မဟုတ် အနာဂတ်တွင် တရားစီရင်ပိုင်ခွင့် ရှိလာနိုင်သော တရားမျှတပြီး လွတ်လပ်သော ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများကို နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများ သို့မဟုတ် ခုံရုံးများတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်အညီ လွယ်ကူချောမွေ့စွာနှင့် လျင်မြန်စွာ စီရင်ဆုံးဖြတ်နိုင်ရန်အတွက် အမှုတွဲများကို ပြင်ဆင်ပေးရန် လုပ်ပိုင်ခွင့်ဖြင့် လွတ်လပ်သော ယန္တရားတစ်ရပ်ကို ဖွဲ့စည်းပေးရန် ဆုံးဖြတ်ခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များကို အထွေထွေညီလာခံ ဥက္ကဋ္ဌ (A/73/716) နှင့် လူ့အခွင့်အရေးကောင်စီ ဥက္ကဋ္ဌတို့ထံသို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်မှ ပေးပို့ခဲ့သည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက် နေ့စွဲပါစာများ၌ နောက်ဆက်တွဲများအဖြစ် ပူးတွဲ၍ပေးပို့ခဲ့ပါသည်။

၂။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်နေ့ နေ့စွဲ ဖြင့်လူ့အခွင့်အရေးကောင်စီ ဥက္ကဋ္ဌထံသို့ ပေးပို့ခဲ့သော စာတွင် ယန္တရားသည် ၂၀၁၉ ခုနှစ် ဩဂုတ်လ (၃၀) ရက်နေ့မှ လုပ်ငန်းစတင်လည်ပတ်နိုင်ပြီ ဖြစ်ကြောင်း အတွင်းရေးမှူးချုပ်က သတ်မှတ်ခဲ့သည်။

၃။ လူ့အခွင့်အရေးကောင်စီသည် ၎င်း၏ ဆုံးဖြတ်ချက်အမှတ် ၄၂/၃ တွင်ယန္တရား၏ လုပ်ငန်းစတင် လည်ပတ်မှုကို ကြိုဆိုကြောင်းဖော်ပြခဲ့ပြီး မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ကြီးလေးသော အပြည်ပြည် ဆိုင်ရာ ရာဇဝတ်မှုများနှင့် နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုများကို လက်ရှိ၌ စုံစမ်းစစ်ဆေးနေကြသော သို့မဟုတ် အနာဂတ်တွင် စုံစမ်းစစ်ဆေးနိုင်ဖွယ်ရှိသော နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများ သို့မဟုတ် ခုံရုံးများနှင့် ယန္တရားတို့ အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်ခဲ့သည်။

၄။ ထိုဆုံးဖြတ်ချက်၌ပင် ကောင်စီက ယန္တရားအနေဖြင့် လိုအပ်သော ဝန်ထမ်းအင်အားခန့်အပ်မှု၊ တည်နေရာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အနှောင်အဖွဲ့ကင်းမဲ့မှုတို့ကဲ့သို့သော အထောက်အပံ့နှင့် အရင်း အမြစ်များအတွက် ငွေကြေးအထောက်အပံ့ လုံလောက်စွာ ရရှိရေးကိုလည်း ကုလသမဂ္ဂအား တောင်းဆိုခဲ့ သည်။ သို့မှသာ ယန္တရားသည် ၎င်း၏လုပ်ပိုင်ခွင့်အရ တတ်နိုင်သမျှ ထိရောက်စွာ လုပ်ကိုင် နိုင်မည်ဖြစ်သည်။ ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများအား ယန္တရားနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရန်၊ ၎င်းအား လမ်းကြောင်း ဖွင့်ပေးရန်နှင့် ၎င်း၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အကူအညီများ ပေးရန် တိုက်တွန်း ခဲ့သည်။

၅။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်နေ့တွင် ယန္တရား၏ ဒုတိယ ဥက္ကဋ္ဌဖြစ်သူ Kaoru Okuizumi (ဂျပန်) သည် သူမ၏ လုပ်ငန်းတာဝန်များကို တရားဝင် စတင်ထမ်းဆောင်ခဲ့သည်။

၆။ အထွေထွေညီလာခံသည် ၎င်း၏ ဆုံးဖြတ်ချက် ၇၄/၂၄၆ တွင် ယန္တရား၏ လုပ်ငန်းစတင် ဆောင်ရွက်ခြင်းနှင့် ၎င်း၏ ဥက္ကဋ္ဌအား ခန့်အပ်ခြင်းတို့ကို ကြိုဆို ခဲ့သည်။ ယန္တရားအား ၎င်း၏ အလုပ်ကို

လျင်မြန်စွာ စတင်လုပ်ကိုင်ရန်နှင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ လွတ်လပ်သော အချက်အလက် ရှာဖွေရေးမစ်ရှင် (Independent International Fact-finding mission on Myanmar, FFM)က စုဆောင်းခဲ့သည့် အကြီးလေးဆုံးဖြစ်သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများ၏ သက်သေခံအထောက်အထားများကို အထိရောက်ဆုံး အသုံးပြုရေး ကိုတိုက်တွန်းခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်၌ပင် အထွေထွေညီလာခံသည် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ဝင်ရောက်မှုနှင့် ပတ်သက်၍ ပိုမိုတင်းကြပ်လာသော ပိတ်ပင်ကန့်သတ်မှုများ အပေါ် အကြီးအကျယ် စိုးရိမ်ပူပန် ကြောင်းလည်းထုတ်ဖော်ပြောကြားခဲ့သည်၊ အတိအကျဆိုရလျှင် ရခိုင်အခြေအနေကို ဆိုလိုခြင်း ဖြစ်သည်။ ၎င်းအပြင် မြန်မာနိုင်ငံအစိုးရအား ကုလသမဂ္ဂဆိုင်ရာ လုပ်ပိုင်ခွင့်ရှိကြသူများ အားလုံးနှင့် ယန္တရား အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများအား အပြည့်အဝ၊ ကန့်သတ်ချက်မရှိ နောက်ယောင်ခံ စောင့်ကြည့်မှုမှ ကင်းလွတ်သည့် ဝင်ရောက်မှုကို ခွင့်ပြုရန်နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

၇။ အထွေထွေညီလာခံသည် ၎င်း၏ ဆုံးဖြတ်ချက် ၇၄/၂၄၆ တွင် ယန္တရားအနေဖြင့် ၎င်းလိုအပ်သော ဝန်ထမ်းအင်အားခန့်အပ်မှု၊ တည်နေရာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လွတ်လပ်စွာ ဆောင်ရွက်နိုင်မှုတို့နှင့် စပ်လျဉ်း၍ ပြောင်းလွယ်ပြင်လွယ်ရှိရေးကို ဖြည့်ဆည်းပေးရန်ကုလသမဂ္ဂကို တောင်းဆိုခဲ့သည်၊ သို့မှသာ ယန္တရားအနေဖြင့် ၎င်း၏လုပ်ပိုင်ခွင့်ကို ဖြစ်နိုင်သမျှ ထိရောက်စွာဖြင့် ထမ်းဆောင်နိုင်မည်ဖြစ်သည်။

၈။ ကောင်စီသည် ၎င်း၏ ဆုံးဖြတ်ချက် ၄၃/၂၆ တွင် ယန္တရားအနေဖြင့် ၎င်း၏လုပ်ပိုင်ခွင့်ကို ဆက်လက် ဆောင်ရွက်နိုင်ရန် တိုက်တွန်းခဲ့သည်။ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေးမစ်ရှင် နှင့် အခြား ယုံကြည်စိတ်ချရသော ရင်းမြစ်များမှ မြန်မာနိုင်ငံနှင့်ပတ်သက်၍ စုဆောင်း ခဲ့သည့် အချက်အလက်များကို အသုံးချရန်၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံး သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံး အပါအဝင် နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများ သို့မဟုတ် ခုံရုံးများက စစ်ဆေးသည့် အနာဂတ် စုံစမ်းစစ်ဆေးမှုများနှင့် ယန္တရားတို့ အကြား နီးနီးကပ်ကပ်နှင့် အချိန်နှင့် တပြေးညီ ပူးပေါင်းရန် တိုက်တွန်းတောင်းဆိုခဲ့သည်။

၉။ ၂၀၂၀ ခုနှစ် ပထမ သုံးလပတ်တွင် ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကပ်ရောဂါကြီး ဖြစ်ပွားလာမှုသည် ကမ္ဘာတစ်ဝန်းရှိ လူများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ ခရီးသွားလာရေးနှင့် အထွေအထွေ လှုပ်ရှားသွားလာမှုတို့ကို အခက်အခဲဖြစ်စေခဲ့သည်။ ဤကပ်ရောဂါသည် ယန္တရား၏ အလုပ်ကို ထိခိုက်ခဲ့ သော်ငြားလည်း ယန္တရားသည် ၎င်း၏လုပ်ပိုင်ခွင့် အကောင်အထည်ဖော်မှုကို ပြန်လည်မွမ်းမံ ပြင်ဆင်မှု အချို့ဖြင့် ဆက်လက် လုပ်ကိုင်နိုင်ခဲ့သည်။ ၎င်းကို အောက်တွင် အသေးစိတ် ဖော်ပြပါမည်။

၁၀။ ၂၀၂၀ ခုနှစ် ၏ ကျန်ရှိသော ကာလများနှင့် ၂၀၂၁ ခုနှစ်၏ ကာလအတောအတွင်း ကပ်ရောဂါက ယန္တရား၏ အလုပ်အပေါ် မည်ကဲ့သို့ ထိခိုက်နိုင်ဖွယ်ရှိမည်ကို ရှင်းလင်းစွာမသိရသေးပါ။ အထူးသဖြင့် ခရီးသွား ပိတ်ပင်ကန့်သတ်ချက်များနှင့်ပတ်သက်၍ မရှင်းမလင်း ဖြစ်နေဆဲအခြေအနေတွင် ယန္တရားသည် လုပ်ငန်း စတင်လည်ပတ်ခဲ့ချိန်မှ ရရှိလာသော အရှိန်အဟုန်ကို အားယူ၍ ဆက်လက်မြှင့်တင်သွားမည် ဖြစ်ပါသည်။ ယန္တရားသည် ပြောင်းလဲလာသည့် အခြေအနေများကို လက်ခံရန်နှင့် ၎င်း၏ လုပ်ပိုင်ခွင့်ကို ဆက်လက် အကောင်အထည်ဖော်ရန် ကြိုးပမ်းပါမည်။ လျှို့ဝှက်ထားရန်၊ ဆင်ဆင်ခြင်ခြင် ဆောင်ရွက်ရန်လိုအပ်သည့်

လုပ်ငန်းများအတွက် လိုအပ်သည့် အကာအကွယ်ပေးမှုဆိုင်ရာ သတ်မှတ်ချက်များကို မပျက်မကွက် ဆက်လက် ထိန်းသိမ်းသွားမည် ဖြစ်သည်။

## II. ၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်အတွင်း ယန္တရား၏ တိုးတက်မှု

၁၁။ ၂၀၁၉ ခုနှစ် ဇူလိုင်လ (၁) ရက်နေ့တွင် ယန္တရား၏ အကြီးအကဲ အဖြစ် Nicolas Koumjian တာဝန်ယူချိန်မှစ၍ သူ၏အလုပ်ကို တရားဝင် စတင်ထမ်းဆောင်ခဲ့ပြီး အထွေထွေ အတွင်းရေးမှူးချုပ်သည် ယန္တရားလုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဩဂုတ်လ (၃၀) ရက်နေ့ မှစတင်၍ လုပ်ငန်း လည်ပတ် နိုင်သည်ဟု သတ်မှတ်ခဲ့သည်။ ယန္တရားသည် လုပ်ငန်းများ အပြည့်အဝ လည်ပတ်နိုင်ရန် ကဏ္ဍနယ်ပယ်ပေါင်းစုံရှိ ၎င်း၏ လုပ်ငန်းလည်ပတ်မှုများနှင့် လုပ်ကိုင်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်၍ လုပ်ကိုင်ရန် အလေးထား ခဲ့သည်။ ဤကြိုးပမ်းမှုများတွင် လုပ်ငန်းလည်ပတ်မှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်း ဖြစ်စဉ်များ၊ ဆက်စပ် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ပါဝင်ပတ်သက်ကြသူများတို့နှင့် ဆက်သွယ်လုပ်ကိုင်မှုများနှင့် ယန္တရား၏ အခြေခံ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ခြင်းတို့ပါဝင်သည်၊ ၎င်းကိစ္စအားလုံးကို တစ်ချိန်တည်းနှင့် တစ်ပြိုင်နက်တည်း လုပ်ကိုင်နေလျက်ရှိသည်။

၁၂။ သိသာထင်ရှားသော တိုးတက်မှုများ ရှိခဲ့သော်လည်း ကမ္ဘာအနှံ့ COVID-19 ကပ်ရောဂါကြီးသည် ယန္တရား၏ ၂၀၂၀ ခုနှစ်အတွက် ချမှတ်ထားသည့် အစီအစဉ်များကို ပျက်ပြားစေခဲ့သည်မှာ ငြင်းမရသည့် ဖြစ်စဉ် ဖြစ်ပါသည်။ ဖော်ပြပါ အခြေအနေများကြောင့် လုပ်ငန်းပြတ်တောက်မှု အချို့ရှိခဲ့သော်လည်း ယန္တရားသည် ၎င်း၏ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင် ခဲ့သည်။ ထိုမျှသာမက အဝေးမှ ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေအရ ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် တိုးတက်မှုများ ရှိခဲ့သည်။ သို့သော်လည်း ကပ်ရောဂါကာကွယ်ရေး အစီအစဉ်အနေဖြင့် သတ်မှတ်ထားသည့် ပြည်တွင်းပြည်ပ သတ်မှတ်ချက် အများအပြားကို လိုက်နာရသည်ဖြစ်သောကြောင့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ပုံများကို လိုက်လျောညီထွေ ပြောင်းလဲခဲ့ရသည်။ ယန္တရားသည် အောက်ဖော်ပြပါကိစ္စများ၏ ဘေးကင်းမှုနှင့် လုံခြုံမှု တို့ကို လျော့ပေါ့ဆောင်ရွက်ခြင်းမရှိစေရန် ဆောင်ရွက်ခဲ့သည် -

- ယန္တရား၏ မျက်မြင်သက်သေများ၊ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ၎င်း၏ သတင်း အချက်အလက်များနှင့် လုပ်ငန်းလည်ပတ်မှုများ
- ယန္တရား၏ လက်ဝယ်ရှိ အချက်အလက်များ၊ စာရွက်စာတမ်းများနှင့် သက်သေခံအထောက် အထားများ နှင့်
- ယန္တရား၏ အမှုထမ်းများ ဘေးကင်းရေးနှင့် လုံခြုံရေးကို လစ်ဟာမှုမရှိစေရန် ဆောင်ရွက် ခဲ့သည်။

## က. လုပ်ငန်းလည်ပတ်မှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းဖြစ်စဉ်များ

၁၃။ ယန္တရား၏ ကောင်စီသို့ တင်ပြထားသည့် ယခင်နှစ်အစီရင်ခံစာ ဖြစ်သော အစီရင်ခံစာ (A/HRC/42/66)တွင် ဖော်ပြထားသည့်အတိုင်း ယန္တရားအကြီးအကဲ၏ ပထမ ရည်မှန်းချက်များအနက် တစ်ခုမှာ လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ ခိုင်မာသည့် တိုးတက်မှု ရရှိရန်၊ ရရှိလာသည့် အရင်းအမြစ်များကို အထိရောက်ဆုံး အသုံးချနိုင်မည့် စုံလင်သည့် နည်းဗျူဟာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အယူအဆများကို ချမှတ်ထားရန် ဖြစ်ခဲ့ပါသည်။ အကြီးအကဲသည် ယန္တရားအတွက် ဦးစားပေးရမည့် ကိစ္စများ၊ နည်းဗျူဟာများ၊ ရေတိုနှင့် ရေရှည် ရည်မှန်းချက်ပန်းတိုင်များကို ဖော်ထုတ်ရန်ဖြစ်သည်။ ယခုအခါ၌ ၎င်းတို့ကို ယန္တရား၏ ကဏ္ဍနယ်ပယ်အမျိုးမျိုး၏ လုပ်ငန်းအစီအစဉ်တွင် ပေါင်းစပ်ထည့်သွင်းထားပြီးဖြစ်ပါသည်။

၁၄။ ယန္တရား၏ ၂၀၂၁ ခုနှစ်အတွက် အဆိုပြုထားသော လုပ်ငန်း အစီအစဉ်နှင့် ရသုံးငွေ လျာထားချက်သည် ယန္တရား၏ ခေါင်းဆောင်ပိုင်းနှင့် အမှုထမ်းများအား မစုဆောင်းမီ ရေးဆွဲခဲ့သည့် ယခင် ရသုံးငွေ လျာထားချက်များနှင့် ကွဲပြားသည်။ ၎င်းသည် ယန္တရား၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရန် ၎င်း၏ နည်းဗျူဟာနှင့် လိုက်ဖက်ညီမည့် အရင်းအမြစ်များကို ခွဲဝေချထားပေးရန်အတွက် ယန္တရားအနေဖြင့် အဆိုပြုခွင့်ရသည့် အခွင့်အလမ်း ဖြစ်ပါသည်။ ထို အနေအထားများကြောင့် ယန္တရားသည် ၂၀၂၁ ခုနှစ်အတွက် ပိုမိုအဆင်ချော၍ ပိုမိုကျစ်လစ်သော ရသုံးငွေ လျာထားချက်ကို အဆိုပြုရန်နိုင်ရန် ၎င်း၏အစီအစဉ်ကို အသေအချာ စိစစ်အကဲဖြတ်ခဲ့ပြီး ပြန်လည်မွမ်းမံ ပြင်ဆင်ခဲ့သည်။ ၎င်း၏ လုပ်ပိုင်ခွင့်ကို အပြည့်အဝ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အရင်းအမြစ်များ ၎င်းတွင် ဆက်လက်ရှိနေစေရန် စနစ်တကျ စီမံရေးဆွဲခဲ့သည်။

၁၅။ ၂၀၂၁ ခုနှစ်အတွက် သိသာသည့် အသုံးစရိတ်မရှိသော်လည်း အကျိုးသက်ရောက်မှု များစွာရရှိနိုင်သည့် ကိစ္စတခုမှာ ရုံးနေရာချထားရေး ဖြစ်သည်။ အတွင်းရေးမှူးချုပ်က ယန္တရားကို ဂျီနီဗာမြို့တွင် အခြေစိုက်ရမည်ဟု ၂၀၁၉ ခုနှစ် ဇွန်လတွင် ဆုံးဖြတ်ချက် ချခဲ့ပြီးနောက် ယန္တရားသည် ရုံးတည်နေရာကို သတ်မှတ်ရန် အသင့်တော်ဆုံး နေရာကို စတင်လေ့လာခဲ့သည်။ လေ့လာရာတွင် အကြောင်းခံ အများအပြားကို ထည့်သွင်းစဉ်းစားခဲ့သည်။ ၎င်းတို့မှာ ခန့်မှန်းကုန်ကျငွေများနှင့် အခြား ငွေရေးကြေး ကုန်ကျမှုများ၊ ယန္တရားအတွက် သီးသန့် လုံခြုံရေး ကိစ္စရပ်များ၊ ရုံးအဖြစ်အသုံးပြုမည့် အချိန်ကာလအတိုင်းအတာ၊ လူဝင်ဆန့်မည့် အကျယ်အဝန်းတို့အပြင်၊ ယန္တရား၏ လိုအပ်ချက်များနှင့် အရင်းအမြစ် လိုအပ်မှုများတို့ အပါအဝင်ဖြစ်သည်။ နောက်ဆုံး၌ ဈေးအသက်သာဆုံးနှင့် နည်းပညာပိုင်းအရ လက်ခံနိုင်စရာ အကောင်းဆုံး နည်းလမ်းမှာ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံး အဆောက်အုံ ပရဝန်အတွင်း၌ အသင့်သုံးတပ်ဆင်ထားပြီးသည့် ရုံးခန်းဆောက်လုပ်ရန် ဖြစ်ကြောင်း ယန္တရားက ဆုံးဖြတ်ခဲ့သည်။

၁၆။ ရုံးခန်းအသစ်ကို ဒီဇိုင်းပုံစံရေးဆွဲရာတွင် ယန္တရားသည် ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာဌာန (Department of Safety and Security)၏ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားခဲ့ပြီးနောက် အဆိုပါ ရုံးခန်းနေရာတွင် ကိုယ်ပိုင် လုံခြုံရေးစောင့်ကြည့်မှုစနစ် နှင့် အဝင်အထွက် ထိန်းချုပ်ရေး စနစ်များကို ထားရှိရန် ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် ရုံးတည်ဆောက်မှုပုံစံကိုလည်း ရုပ်ပိုင်းဆိုင်ရာ သက်သေခံ အထောက်အထားများကို သိုလှောင်ရန် ယန္တရား၏ လိုအပ်ချက်များ၊ ယန္တရားလက်ဝယ်ရှိ အချက်အလက် လုံခြုံမှုနှင့်

အချက်အလက်အား လုံခြုံစိတ်ချစွာ စုစည်းထားနိုင် ရန်လုံခြုံရေးလိုအပ်ချက် တို့နှင့်အညီ ရေးဆွဲခဲ့သည်။ ဂျီနီဗာမြို့ ကုလသမဂ္ဂရုံးနှင့် ရုံးခန်း၏တည်နေရာ နီးကပ်မှုရှိသည်ဖြစ်သောကြောင့် ကွန်ပျူတာနည်းပညာနှင့် အခြားသော အခြေခံ အဆောက်အအုံဆိုင်ရာ လိုအပ်ချက်များကို ရုံးချုပ်မှ ရယူနိုင်ခဲ့သည်။

၁၇။ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ယန္တရား ရုံးနေရာသစ်ကို စတင်ဆောက်လုပ်ခဲ့ပါသည်။ ဆွစ်ဇာလန်နိုင်ငံ အစိုးရက COVID-19 ကပ်ဘေးကို အကြောင်းပြု၍ ဂျီနီဗာမြို့ ကုလသမဂ္ဂရုံး အဆောက်အအုံများ အတွင်းရှိ ဆောက်လုပ်ရေးနေရာအားလုံး အပါအဝင် ဂျီနီဗာမြို့ နယ်မြေရှိ ဆောက်လုပ်နေရေးနေရာ အားလုံးကို ပိတ်ပစ်ရန် ၂၀၂၀ ခုနှစ် မတ်လ (၂၀) ရက်နေ့တွင်အမိန့်ထုတ်ခဲ့ပါသည်။ ယန္တရားရုံးခန်းများကို ၂၀၂၀ ခုနှစ် မေလ (၁၈) ရက်နေ့တွင် ပြန်လည်ဆောက်လုပ်ခဲ့သည်။ နောက်ထပ် နှောင့်နှေးမှုများရှိသည့်တိုင် ၂၀၂၀ ခုနှစ်နှောင်းပိုင်းတွင် ရုံးခန်းများကို အသုံးပြုရန် အဆင်သင့်ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

၁၈။ ၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်အတွက် ယန္တရား၏ နောက်ထပ် ဦးစားပေးကိစ္စတစ်ခုမှာ ကဏ္ဍစုံ၊ အရေးကြီးသော နယ်ပယ်ကဏ္ဍ အမျိုးမျိုး၌ အရည်အချင်းနှင့် ကျွမ်းကျင်မှု မျိုးစုံရှိသည့် အတွေ့အကြုံ ရင့်ကျက်ပြီး တီထွင်ဖန်တီးဉာဏ် ထက်မြက်သော အတတ်ပညာရှင်များကို အလုပ်ခန့်ရန်ဖြစ်ပါသည်။ ယန္တရားတွင် ရင်ဆိုင်နေရသည့် အခက်အခဲများကို နည်းလမ်းစုံ အသုံးပြုပြီးဖြေရှင်း ကျော်ဖြတ်နိုင်ရန် ၎င်းပုဂ္ဂိုလ်များက စွမ်းဆောင်ပေးမည်ဖြစ်သည်။ အခက်အခဲဟုဆိုရာတွင် မြန်မာနိုင်ငံပိုင်နက် နယ်မြေသို့ ဝင်ရောက်ခွင့်မရခြင်း၊ မျက်မြင်သက်သေများနှင့် သတင်းအချက်အလက်ပေးသူတို့အတွက် ကာကွယ်ပေးမှု၊ cybersecurity နည်းပညာဆိုင်ရာ လုံခြုံရေးနှင့် သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ကိစ္စများ၊ ကြားဝင်ဆောင်ရွက်သူများနှင့်ပါဝင်ပတ်သက်ကြသူများ ပြောဆိုသည့် ဘာသာစကား အမျိုးမျိုးကွဲပြားနေမှုတို့ဖြစ်သည်။ အဆိုပါ အကြောင်းရင်းကြောင့် ယန္တရားသည် ၎င်း၏ မူလလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အရည်အချင်းများ သို့မဟုတ် ကျွမ်းကျင်မှုများရှိသော အမှုထမ်းများအား ခန့်အပ်ထားနိုင်ရန်အတွက် ဝန်ထမ်း စုဆောင်းခြင်း နှင့်ပတ်သက်ပြီး အပြောင်းအလဲများ ပြုလုပ်ခဲ့သည်။

၁၉။ အလုပ်ခန့်ထားခြင်းနှင့် ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ယန္တရားသည် ၎င်း၏ အလုပ်ခန့်ရေးဆိုင်ရာ ရည်မှန်းချက်ကို ၂၀၂၀ ခုနှစ်တွင် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ယန္တရားသည် ၂၀၂၀ ခုနှစ် မတ်လတွင် အောက်ဖော်ပြပါ ကဏ္ဍနယ်ပယ်များတွင် ကျွမ်းကျင်မှုရှိသော ဝန်ထမ်းများကို ခန့်အပ်ခဲ့သည်၊ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ ဥပဒေ၊ နိုင်ငံတကာ လူ့အခွင့်အရေး ဆိုင်ရာ ဥပဒေ၊ နိုင်ငံတကာ လူသားချင်း ထောက်ထားစာနာမှုဆိုင်ရာ ဥပဒေ၊ ရာဇဝတ်မှုဆိုင်ရာ စုံစမ်း စစ်ဆေးရေးနှင့် တရားစွဲဆိုမှု၊ သတင်းအချက်အလက် စီမံခန့်ခွဲမှု၊ အချက်အလက်များ သိုလှောင်ရေးနှင့် ထိန်းသိမ်းရေး၊ စာရွက်စာတမ်းများမှတ်တမ်းတင်ခြင်းနှင့် သက်သေခံအထောက်အထားများ၊ စစ်ဘက်နှင့် ပတ်သက်သည့် ကိစ္စများ၊ လိင်နှင့် ကျား-မ အခြေပြု ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှု၊ ကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပြင် ကွန်ပျူတာနည်းပညာနှင့် လုံခြုံရေးကိစ္စများဆိုင်ရာ ကျွမ်းကျင်သူများကို ခန့်အပ်ခဲ့သည်။

၂၀။ ယန္တရားသည် ၂၀၂၀ ခုနှစ် ဇွန်လမှစ၍ ၂၀၂၀ ခုနှစ်အတွက် အထွေထွေညီလာခံက အတည်ပြုထားသော ရာထူးနေရာ အရေအတွက် စုစုပေါင်း၏ ထက်ဝက်ကျော်ကို ခန့်အပ်ခဲ့ပြီး ကျန် လစ်လပ်နေရာများ၏ လေးပုံ တပုံကိုလည်း ခန့်ထားနိုင်ရန် စုဆောင်းမှုများပြုလုပ်ခဲ့သည်။

၂၁။ ယန္တရားသည် ရုံးတွင်း လေ့ကျင့်ရေးအစီအစဉ် တစ်ရပ်ကိုလည်း ထူထောင်ပေးခဲ့သည်၊ စူးစူးစိုက်စိုက် လိုက်စားရန်လိုအပ်သည့် အချိန်နှင့်အမျှ ပြောင်းလဲနေသော နည်းပညာပိုင်းကိစ္စများ နှင့်ဆိုင်ပြီး ဝန်ထမ်းများ၏ ကျွမ်းကျင်မှု စဉ်ဆက်မပြတ်ထက်မြက်နေစေရန် ရည်ရွယ်လျက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိ အခြေအနေအရ အဝေးမှ လုပ်ကိုင်ရန်လိုအပ်လာသည် ဖြစ်သောကြောင့် COVID-19 ကပ်ရောဂါ ဖြစ်နေစဉ် ကာလအတွင်း ယန္တရားအမှုထမ်းများအနေဖြင့် အဆိုပါ နည်းပညာဆိုင်ရာ နယ်ပယ်များတွင် ဖြစ်ပေါ်နေသည့် ပြောင်းလဲဖြစ်ပေါ်မှုများ နှင့်ပတ်သက်၍ အဆက်မပြတ် စေရန် အွန်လိုင်း လေ့ကျင့်ရေးသင်တန်းများကို စီစဉ်ပေးခဲ့သည်။

## ၆. သက်ဆိုင်သူများနှင့် ဆက်သွယ် လုပ်ကိုင်မှု၊ အများပြည်သူနှင့် ကမ်းလင့် ဆက်သွယ်ခြင်း

၂၂။ ယန္တရားမှ ကောင်စီသို့ တင်ပြခဲ့သည့် ယခင် အစီရင်ခံစာတွင် ဖော်ပြခဲ့သည့်အတိုင်း အများပြည်သူနှင့် ကမ်းလင့်ဆက်သွယ်သည့် အလုပ်များသည် ယန္တရား၏ ရှုပ်ထွေးသောလုပ်ငန်းကို ပြည်သူများ သိရှိမှုနှင့် နားလည်မှုအား မြှင့်တင်ပေးရန် မရှိမဖြစ် လိုအပ်ပါသည်။ ပုံမှန် အချိန်မှန် ဆက်သွယ်မှုသည် သက်ဆိုင်ရာ ပါဝင်ပတ်သက်ကြသူများ၏ ယုံကြည်စိတ်ချမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ရရှိရန် အထောက်အကူပြု နိုင်ပါသည်။ ယန္တရား၏လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် သိထားပါက ပြစ်မှုကျူးလွန်သူအချို့အား ပြစ်မှု အသစ်များ ကျူးလွန်ခြင်းမှ ဟန့်တားပေးနိုင်ပါသည်။ ဝေးလံခေါင်းပါးသည့် ဒေသများပါမကျန် အမြင်ဖွင့် လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ယန္တရားနှင့်ပတ်သက်သော နားလည်မှု လွဲမှားခြင်းနှင့် သတင်းမှားများကို တားဆီးရန်အတွက်လည်း အရေးကြီးသည်။ ထို့အပြင် ယန္တရား အနေဖြင့် တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် ကိစ္စများ၊ လုပ်ပိုင်ခွင့်ပြင်ပမှ ကိစ္စများ နှင့်ဆိုင်သည့် ကိစ္စများ နှင့်ပတ်သက်သည့် မျှော်လင့်ထားမှုများ ရှင်းလင်းစွာ နားလည်နေစေရန် အရေးကြီးသည်။ သက်ဆိုင်ရာ ပါဝင်ပတ်သက်ကြသူများ ဟုဆိုရာတွင် ယန္တရား လုပ်ပိုင်ခွင့်နှင့် ဆိုင်သည့် အချက်အလက်၊ စာရွက်စာတမ်း မှတ်တမ်းများနှင့် အထောက်အထားများကို စိစစ်မည့် သို့မဟုတ် စီစစ်ရန် အလားအလာရှိသည့် သို့မဟုတ် ယန္တရား လုပ်ငန်းများကို အဆင်ပြေစေရန် ဆောင်ရွက်ပေးနိုင်သည့် အဖွဲ့ဝင် နိုင်ငံ တစ်ခုခု၊ ဒေသဆိုင်ရာနှင့် အစိုးရအချင်းချင်းပူးပေါင်းမှုဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်း၊ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ အကြီးစားစီးပွားရေး လုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာ အဖွဲ့အစည်းများ၊ တသီး ပုဂ္ဂလများ ကိုဆိုလိုသည်။

၂၃။ ထိုရည်ရွယ်ချက်ဖြင့် ယန္တရား၊ ယန္တရား၏ လုပ်ပိုင်ခွင့်၊ စပ်ဆိုင်သူများနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ အကြောင်းကို ကျယ်ပြန့်စွာ သိရှိလာစေရန် ထိတွေ့ဆက်ဆံမှု၊ အများပြည်သူများအား အမြင်ဖွင့် အသိပေးမှု ပြုလုပ်နိုင်ရန် မဟာဗျူဟာ တရပ်ကို ပြင်ဆင်ထားခဲ့သည်။ ၎င်းမဟာဗျူဟာတွင် အလွှာအသီးသီးမှ စပ်ဆိုင်သူများကို ပြန်ကြားဆက်သွယ်ရေးအတွက် နည်းလမ်းစုံအသုံးချ ဆောင်ရွက်ခြင်း၊ ယန္တရား၏ လုပ်ငန်း ဆောင်ရွက်နေမှုကို ဖြန့်ဝေအသိပေးခြင်း တို့ပါဝင်သည်။ ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတို့နှင့် ပတ်သက်၍ အရပ်ဘက် လူမှုအဖွဲ့အစည်းများအကြား နားလည်မှုအဆင့်ကို စိစစ် အကဲဖြတ်နိုင်ရန် အာရှ-ပစိဖိတ်ဒေသရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း (၃၀) ကျော်ကို စစ်တမ်း ကောက်ခဲ့ပါသည်။

၂၄။ ယန္တရား၏ ထိတွေ့ဆက်ဆံမှု၊ အများပြည်သူများအား အမြင်ဖွင့် အသိပေးမှု လုပ်ငန်းများ၏ အစိတ်အပိုင်းအဖြစ် ဂျီနီဗာမြို့နှင့် နယူးယောက်မြို့၌ ပါဝင်ပတ်သက်သူများ၏ ကိုယ်စားလှယ်များကို သံခင်းတမန်ခင်းအဆင့်နှင့် လုပ်ငန်း အဆင့်များတွင် သတင်းအချက်အလက်များ ပုံမှန် စည်းဝေးရှင်းလင်း တင်ပြခဲ့သည်။ ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များကိုလည်း ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံမြို့တော်များ၌ရှင်းလင်းတင်ပြမှုများ ပြုလုပ်ခဲ့သည်။ ဒေသဆိုင်ရာနှင့် အစိုးရအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းများကိုလည်းကောင်း အချက်အလက်များ စည်းဝေးရှင်းလင်းတင်ပြမှုများ ပြုလုပ်ခဲ့သည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာရှ-ပစိဖိတ်ဒေသနှင့် အခြားဒေသများတွင် အခြေစိုက်ထားသော အရပ်ဘက် ဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

၂၅။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် ယန္တရား၏ အကြီးအကဲသည် ယန္တရား၏ လုပ်ပိုင်ခွင့်ကို ရှင်းလင်းတင်ပြခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍနယ်ပယ်များ ဖော်ထုတ်ခြင်း နှင့် ၎င်း၏လုပ်ငန်းများ လည်ပတ်မှုအတွက် ပံ့ပိုးမှုကိုရှာဖွေခြင်းကိစ္စများ အတွက် သက်ဆိုင်ရာ နိုင်ငံများ၏ အာဏာပိုင်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်း၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံရန်အလို့ငှာ ကိုယ်စားလှယ်အဖွဲ့တစ်ခုကို ဦးဆောင်၍ အာရှ-ပစိဖိတ်ဒေသသို့ သွားရောက်ခဲ့သည်။

၂၆။ အောက်တိုဘာလ ၂၀၁၉ ခုနှစ်တွင် ယန္တရားသည် ၎င်း၏ ဖွဲ့စည်းတည်ထောင်မှု၊ လုပ်ပိုင်ခွင့် အကြောင်းတို့နှင့်ပတ်သက်သော အခြေခံ သတင်းအချက်အလက်များ ပါရှိသည့် အချက်အလက်စာစောင်ကို ထုတ်ဝေခဲ့သည်။ အဆိုပါ အချက်အလက်စာစောင်တွင် ယန္တရားနှင့် ကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၃၄/၂၂ အရ ဖွဲ့စည်းတည်ထောင်ခဲ့သည့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံးတို့နှင့် မည်ကဲ့သို့ ကွာခြားပုံကိုလည်း အထူး အသားပေးဖော်ပြခဲ့သည်။ အဆိုပါ အချက်အလက်စာစောင်ကို အင်္ဂလိပ်၊ မြန်မာနှင့် ဂျိန်ဖော ဘာသာစကားများဖြင့် ပုံနှိပ်ထုတ်ဝေထားသည်သာမက ယန္တရား၏ ဝက်ဘ်ဆိုက်တွင်လည်း ရိုဟင်ဂျာ ဘာသာစကားကို အသံဖြင့် နားဆင်နိုင်ပါသည်။ အဆိုပါ အချက်အလက်စာစောင်၏ ရည်ရွယ်ချက်မှာ စိတ်ဝင်စားကြသူများမှ မကြာခဏ မေးလေ့ရှိသောမေးခွန်းများကို ဖြေကြားပေးရန်၊ စပ်ဆိုင်သူများ၏ ယန္တရားအပေါ် နားလည်မှု၊ ယန္တရားနှင့် ပတ်သက်သည့် ရှုပ်ထွေးမှုများကို ဖြေရှင်းပေးရန် ဖြစ်ပါသည်။

၂၇။ ၂၀၂၀ ခုနှစ် မေလတွင် ယန္တရားသည် ၎င်း၏ ပထမဦးဆုံး သတင်းလွှာစာစောင်ကို အင်္ဂလိပ်နှင့် မြန်မာ ဘာသာစကားတို့ဖြင့် ထုတ်ဝေခဲ့သည်။ အခြားအကြောင်းအရာများနှင့်အတူ ယန္တရား လုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် ရှင်းလင်းချက်၊ ယန္တရား၏ လုပ်ငန်းတိုးတက်မှုဆိုင်ရာ နောက်ဆုံးသတင်းနှင့် ယန္တရား၏ အချို့သော လုပ်ဆောင်ချက်များ အထူးဖော်ပြချက်များ ပါဝင်သည်။ ယန္တရားသည် အများပြည်သူနှင့် ကမ်းလင့် ဆက်သွယ်မှုအတွက် ကြိုးပမ်းမှုကို နောက်တဆင့် အားဖြည့်သည့် အနေဖြင့် ၎င်း၏ တရားဝင် ဝက်ဘ်ဆိုက်ကို ၂၀၂၀ ခုနှစ် ဇူလိုင်လတွင် အင်္ဂလိပ်နှင့် မြန်မာဘာသာ နှစ်မျိုးလုံးဖြင့် ထုတ်ပြန်ခဲ့သည်။

၂၈။ ၂၀၂၀ ခုနှစ်အတွင်း သက်ဆိုင်ရာစပ်ဆက်သူ နှင့်/သို့မဟုတ် အချက်အလက်များ ရရှိမည် သို့မဟုတ် ယန္တရား၏ လုပ်ငန်းများ ဝင်ရောက်မည့် နေရာများရှိ အဆင့်မြင့်ရာထူးပိုင်းနှင့် ထိတွေ့ဆက်ဆံခြင်း သို့မဟုတ် အပြန်အလှန် ပြန်ကြားဆက်သွယ်မှုများ ပြုလုပ်ရန် မူလက စီစဉ်ထားသည်. သို့သော်လည်း COVID-19 ကပ်ရောဂါကြောင့် လူပ်ရှားသွားလာမှုနှင့် ခရီးသွား ပိတ်ပင်ကန့်သတ်မှုများ၊ လေယာဉ်ခရီးစဉ်များ မရှိနိုင်မှု၊

ပါဝင်ပြောဆိုကြသူများနှင့် ယန္တရား ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့ကို အန္တရာယ်ဖြစ်စေခြင်း တို့ကြောင့် ယန္တရားသည် ၂၀၂၀ ခုနှစ် မတ်လ အလယ်ပိုင်းမှ စ၍ မျက်နှာချင်းဆိုင် တွေ့ဆုံသည့် အစည်းအဝေးများ ပြုလုပ်နိုင်ခြင်းမရှိတော့ပါ။ ယန္တရား ဝန်ထမ်းများမှာလည်း ခရီးသွားလာနိုင်ခြင်း မရှိတော့ပါ။

၂၉။ ယန္တရားသည် ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်လုပ်ကိုင်မှုကို ဆက်လက်လုပ်နိုင်ရန်အလို့ငှာ နည်းပညာပိုင်းကို အားထားမှီခိုခဲ့ရသည်။ သမရိုးကျ မဟုတ်သည့် ဆန်းသစ်သော လုပ်ကိုင်ပုံနည်းလမ်းများကိုလည်း လက်ခံကျင့်သုံးလာရသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး ဆက်သွယ်လုပ်ကိုင်မှု ကိစ္စတစ်ခုခုကို ပါဝင်ပတ်သက်သူများနှင့် ယန္တရားဝန်ထမ်းများ နှစ်ဘက်လုံးအတွက် ဘေးကင်းပြီး လုံခြုံသည့် နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းဖြစ်စေရန် ယန္တရားမှ အသေအချာဆောင်ရွက်ထားသည်။ ၎င်းအပြင် ထိုသို့ ဆက်သွယ်မှုပြုလုပ်ချိန် အတွင်း အလဲ အလှယ် ပေးပို့ခဲ့ကြသည့် အချက်အလက် အားလုံးကို လျှို့ဝှက်ထားရှိရန်လည်း ဆောင်ရွက်ထားသည်။

# ဂ. ယန္တရား၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ခြင်း

၃၀။ လူ့အခွင့်အရေးကောင်စီသို့ ယခင် အစီရင်ခံစာ တင်ပြပြီးကတည်းကစ၍ ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့် ဖြစ်သော ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုများ၏ သက်သေခံအထောက်အထားများကို စုဆောင်းခြင်း၊ စုစည်းခြင်း၊ ထိန်းသိမ်းခြင်း၊ စိစစ်သုံးသပ် ခြင်း၊ တရားမျှတပြီး လွတ်လပ်သော ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများကို လွယ်ကူချောမွေ့စေ၍ မြန်ဆန်စေရန်အလို့ငှာ အမှုတွဲများကို ပြင်ဆင်ပေးခြင်း၊ အဆိုပါ အလုပ်များကို ပံ့ပိုးပေးရန် လိုအပ်သည့် အခြေခံ အဆောက်အအုံများ တည်ဆောက် စုစည်းခြင်း အစရှိသည်များကို အင်တိုက် အားတိုက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

၃၁။ မြန်မာနိုင်ငံအစိုးရနှင့် ပတ်သက်၍ ယန္တရားသည် ဂျီနီဗာမြို့နှင့် နယူးယောက်မြို့များရှိ ကုလသမဂ္ဂ ဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့များနှင့် ဆက်သွယ်လုပ်ကိုင်ရန် အလားအလာများကို ဆက်လက် ရှာဖွေပါသည်။ ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်ဘောင်အတွင်းရှိ ကိစ္စရပ်များနှင့် ပတ်သက်သည့် အချက်အလက်များကို ရှာဖွေရန် မြန်မာအစိုးရသို့ စာရေးဆက်သွယ်မှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် ယန္တရားအကြီးအကဲသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ၌ အာရှ-ပစိဖိတ်ဒေသသို့ သွားရောက်ခဲ့စဉ်က မြန်မာအစိုးရ ကိုယ်စားလှယ်များနှင့် တွေ့ဆုံရန် မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့် တောင်းဆိုခဲ့သည်၊ သို့သော်လည်း ၎င်းနှင့် ပတ်သက်၍ မည်သည့် တုံ့ပြန်မှုကိုမျှ မရရှိခဲ့ပါ။ ယန္တရားသည် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေးတစ်ရပ်ကို ဆက်လက် ကမ်းလှမ်း ရှာဖွေလျက်ရှိသည်။

## ယန္တရားအား လုပ်ပိုင်ခွင့်ပြုထားသော လုပ်ငန်းများအတွက် အခြေခံအဆောက်အအုံ တည်ဆောက်မှု

၃၂။ ယန္တရားသည် ရုံးတွင်း မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အလုပ်လုပ်ကိုင်ပုံ နည်းလမ်းများကို ကုလသမဂ္ဂ ပဋိညာဉ်၊ ကုလသမဂ္ဂ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများ၊ အကောင်းဆုံး လုပ်ကိုင်ပုံများ၊ သက်ဆိုင်ရာ နိုင်ငံတကာ စံနှုန်းနှင့် ဥပဒေများ၊ လူ့အခွင့်အရေးဥပဒေ၊ အထူးသဖြင့် တရားမျှတသော တရားစီရင်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေစနစ်ပါ သတ်မှတ်ချက်များနှင့်အညီ အမြင့်မားဆုံး စံနှုန်းဖြင့် ရေးဆွဲလျက်ရှိသည်။ ယန္တရား၏ လုပ်ငန်း တာဝန် သတ်မှတ်ချက်များ၏ လိုအပ်ချက်အရ ယန္တရားသည် အခြားသော အပြည်ပြည်ဆိုင်ရာ တာဝန်ခံမှု ယန္တရားများ၏ ကောင်းမွန်သော ကျင့်ထုံးများကိုလည်း လက်ခံကျင့်သုံးနေပါသည်။ ၎င်း၏ရည်ရွယ်ချက်မှာ သက်သေခံ အထောက်အထားများနှင့် သက်သေခံအရာပစ္စည်းများကို နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများ သို့မဟုတ် ခုံရုံးများတွင် ဖြစ်နိုင်သမျှ ထိထိရောက်ရောက် အသုံးပြုနိုင်မှုနှင့် သက်သေခံအဖြစ် တင်သွင်း နိုင်ခွင့်ရှိနေစေရန်ဖြစ်သည်။

၃၃။ COVID-19 ကပ်ရောဂါသည် ရုံးတွင်းဆိုင်ရာ စာရွက်စာတမ်းများ မူကြမ်းရေးဆွဲရေးနှင့် တည်ပြုခြင်းကို အနှောက်အယှက် မဖြစ်စေခဲ့ပါ။ ၎င်းကို ယန္တရား၏ လုပ်ငန်းစီမံချက်နှင့်အညီ ရေးဆွဲပြီး လက်ခံကျင့်သုံးရန် ဆောင်ရွက်နေလျက်ရှိသည်။

၃၄။ ယန္တရားသည် ၎င်း၏ စာရွက်စာတမ်း အချက်အလက်သိုလှောင်စွမ်းအားနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ သိုလှောင်နိုင်စွမ်းအားကို တိုးချဲ့ရန်၊ သတင်းအချက်အလက် လုံခြုံမှုနှင့် ဆိုက်ဘာလုံခြုံရေး (cybersecurity) နည်းပညာဆိုင်ရာ လုံခြုံရေး အတွက် လိုအပ်သော အကာအကွယ်များပါရှိသည့် နောက်ဆုံးပေါ် ကွန်ပျူတာ နည်းပညာစနစ်ကို အသုံးပြုရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၃၅။ ယန္တရားသည် ၎င်း၏ သက်သေခံအထောက်အထား စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံမူဘောင်ကို ကုလသမဂ္ဂ စံချိန်စံညွှန်းများနှင့်အညီ ဖော်ထုတ်နေလျက်ရှိပြီး ၎င်းမူဘောင်ဖြင့် စာရွက်စာတမ်း၊ အချက်အလက်၊ သက်သေ အထောက်အထားများ လက်ခံခြင်း၊ စုဆောင်းခြင်းကို ဆောင်ရွက်မည် ဖြစ်သည်။ မူဘောင်ရေးဆွဲမှုလုပ်ငန်း အစိတ်အပိုင်းအဖြစ် ယန္တရားသည် ၎င်းက လက်ရှိ လက်ခံပြီး စုဆောင်းနေသည် များကို လုံခြုံစွာ သိုလှောင်ရန် အီလက်ထရွန်နစ် အခြေခံစနစ် တစ်ရပ်ကို အသုံးပြုလျက် ရှိသည်။ ယန္တရားသည် အီလက်ထရွန်နစ်စနစ် အသုံးပြု အချက်အလက်ရှာဖွေရေးကိရိယာများ ဝယ်ယူထားသည်။ အီလက်ထရွန်နစ် နည်းအရ သိုလှောင်ထားသော သတင်းအချက်အလက်များကို ဖော်ထုတ်ခြင်း၊ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ စူးစမ်းစိစစ်ခြင်းနှင့် ထုတ်ပြန်ခြင်းတို့ကို ပြုလုပ်နိုင်သည့် အီလက်ထရောနစ် အချက်အလက် စီမံမှု စနစ် ဖြစ်ပေါ်လာစေရန် လိုအပ်သည်များကို ၎င်းကိရိယာများက ဖြည့်ဆည်းပေးမည်ဖြစ်သည်။

၃၆။ သတင်းအချက်အလက်များ လုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေး(cybersecurity) ဆိုင်ရာ ဆောင်ရွက်မှုများ ၏ အစိတ်အပိုင်းအဖြစ် ယန္တရားသည်ကွန်ပျူတာကိရိယာများနှင့် ကွန်ပျူတာစက်ပစ္စည်းများကို လျှို့ဝှက်

သင်္ကေတဖြင့် ရေးသားသည့်စနစ်၊ တင်းကျပ်သော စီမံမှုဆိုင်ရာစည်းကမ်းများ ချမှတ်ကာ အသုံးပြု လျက်ရှိသည်။ ထို့ပြင် ယန္တရားသည် ၎င်း၏ သတင်းအချက်အလက် သိုလှောင်မှုစနစ်များ သာမက အမှုထမ်း များ အသုံးပြုသည့် ပစ္စည်းကိရိယာများ၏ လုံခြုံမှုကိုလည်း ကာကွယ်ပေးသော ဆိုက်ဘာလုံခြုံရေး (cybersecurity) အစီအစဉ်ကို ရေးဆွဲခဲ့သည်။ ဤအစီအစဉ်အရ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဖောက်ဖျက်မှု ဖြစ်ရပ်တစ်ခုခုကို လျင်မြန်စွာ တုံ့ပြန်နိုင်စွမ်းအပြင် ယန္တရားဝန်ထမ်းများအား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြဿနာများနှင့် အကာအကွယ် အစီအမံများ နှင့်ပတ်သက်၍ နောက်ဆုံးပေါ် သတင်းများ ပုံမှန် သိရှိနေစေရန်၊ ဝန်ထမ်းများအား အသိပညာ မြှင့်တင်ပေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း အစီအစဉ်များ ပါဝင်သည်။ ဆိုက်ဘာလုံခြုံရေး အစီအစဉ်၏ တိုးတက်မှုအခြေအနေကို ရုံးတွင်း ဘေးအန္တရာယ် စီမံကွပ်ကဲရေး ဘုတ်အဖွဲ့ ( Risk Management Board) က ပုံမှန် စောင့်ကြည့်ပါသည်။

၃၇။ COVID-19 ကပ်ရောဂါသည် ယန္တရား၏ လုပ်နေမြဲ လုပ်ငန်းစဉ်အချို့ကို နှောင့်ယှက်ခဲ့သော်လည်း ယန္တရား၏ သတင်းအချက်အလက် လုံခြုံမှုနှင့် ဆိုက်ဘာလုံခြုံရေး တို့၏ အပိုင်းကဏ္ဍများကို မထိခိုက်စေခဲ့ပါ၊ ကပ်ရောဂါကြောင့် ယခင်ထက်ပို၍လိုအပ်လာသော သတင်းအချက်အလက် ဝန်ဆောင်မှုများအတွက် လိုအပ်မှုကို ဖြည့်ဆည်းပေးရန် အဆိုပါ လုပ်ငန်းများကို တိုးချဲ့လုပ်ခဲ့သည်။ ၂၀၂၀ ခုနှစ် မတ်လ အစောပိုင်း တွင် ယန္တရား၏ ရုံးခန်းအဆောက်အအုံများကို ပုံမှန်အဝင်အထွက်ပြုလုပ်နိုင်ရန်မှာ အချိန်ကာလ တခု ကြာသည့်တိုင်အောင် မဖြစ်နိုင်သည်ကိုအထင်အရှား မြင်တွေ့လာသည့်အခါတွင် ယန္တရားသည် လိုအပ်သော အခြေခံ အဆောက်အအုံစနစ်များကို အလျင်အမြန် ကြိုတင်ပြင်ဆင်ခဲ့သည်၊ ယန္တရား၏ ဝန်ထမ်းများ အဝေးမှနေ၍ ဘေးကင်းလုံခြုံစွာ နည်းလမ်းဖြင့် အလုပ်လုပ်နိုင်ရန် ပစ္စည်းကိရိယာများ လုံခြုံမှုကို စိစစ်ခဲ့သည့်အပြင်၊ မူဝါဒများနှင့် လုပ်ကိုင်ပုံနည်းလမ်းများကို သတ်မှတ်ခဲ့သည်။ ထို့ကြောင့် ၂၀၂၀ ခုနှစ် မတ်လ အလယ်ပိုင်းတွင် ယန္တရား၏ ရုံးခန်းအဆောက်အအုံများကို ပိတ်ခဲ့ပြီး ဝန်ထမ်းအားလုံး အတွက် အဝေးမှနေ၍ အချိန်ပြည့် အလုပ်လုပ်ကြရန် အစီအမံများကို ချမှတ်ခဲ့သည့်အခါ ယန္တရားသည် ၎င်း၏လုပ်ငန်းများကို အနှောင့်အယှက် အနည်းငယ် သို့မဟုတ် လုံးဝမရှိဘဲ ဘေးကင်းလုံခြုံစွာ ဆက်လက် အလုပ်လုပ်နိုင်ခဲ့သည်။

## သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများနှင့် သက်သေခံအထောက်အထားများကို စုဆောင်းခြင်း၊ ပေါင်းစည်းခြင်း၊ ထိန်းသိမ်းခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် အမှုတွဲများကို တည်ဆောက်ခြင်း

၃၈။ သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများနှင့် သက်သေခံအထောက်အထားများကို စုဆောင်းခြင်းနှင့် ပတ်သက်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ယန္တရားသည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် လက်ဝယ်ရှိ သက်သေခံပစ္စည်း အားလုံး၏ မိတ္တူများကို လက်ခံရရှိခဲ့သည်။ သတင်းအချက်အလက်များ ပေးသူတို့ထံမှ ယန္တရားနှင့် သတင်း အချက်အလက် ဝေမျှဖလှယ်ရန် သဘောတူညီချက်ကို ရယူခဲ့သည်။

၃၉။ ထို့ပြင် ယန္တရားသည် သက်ဆိုင်သည့် သတင်းအချက်အလက်များ လက်ဝယ် ရှိနိုင်သည့် သို့မဟုတ် ယန္တရား၏ လုပ်ငန်းများကို ပံ့ပိုးပေးနိုင်သော အနေအထားတွင် ရှိနိုင်သည့် အခြား အဖွဲ့အစည်းများ သို့မဟုတ်

လူပုဂ္ဂိုလ်များကို ဖော်ထုတ်နေလျက်ရှိသည်။ နိုင်ငံအာဏာပိုင် တစ်ရပ်ရပ်၊ ကုလသမဂ္ဂ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းနှင့် စုံစမ်းစစ်ဆေးရေး၊ ဖြစ်ရပ်မှန် အချက်အလက်များ ရှာဖွေရေးနှင့် လှုပ်ရှားမှုများကို သတင်းပို့ရေးတို့၌ ပါဝင်လုပ်ကိုင်သည့် အဖွဲ့အစည်းတို့ပါဝင်သည်။ သက်ဆိုင်သည့် သတင်းအချက်အလက်များနှင့် အထောက်အပံ့ကို ရရှိရန်အတွက် ထိုကဲ့သို့သော အဖွဲ့အစည်းများနှင့် ဆက်သွယ်လုပ်ကိုင်ပြီး ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကို လက်ခံရရှိရန် အလွန်အရေးကြီးပါသည်။

၄၀။ ယေဘုယျအားဖြင့် ထိုကဲ့သို့သော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကို ဖော်ထုတ် တွေ့ရှိသည်နှင့် တစ်ပြိုင်နက် ယန္တရားသည် ၎င်း၏လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သော အချက်အလက်များ၏ ပုံစံများ သို့မဟုတ် အမျိုးအစားများတွင် အကျုံးဝင်သည့် အချက်အလက်များကို တရားဝင် တောင်းခံပါသည်။ အဆိုပါ သတင်းအချက်အလက်များကို ပေးအပ်နိုင်မည့် အခြေအနေနှင့် အနာဂတ်တွင် နိုင်ငံ၊ ဒေသ သို့မဟုတ် နိုင်ငံတကာ တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်များနှင့် မျှဝေနိုင်မည့် အလားအလာ အတွက် အခြေအနေ များနှင့် ပတ်သက်၍လည်း ယန္တရားမှ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သည်။ အကယ်၍ အချက်အလက် ပေးသူက ပေးကမ်းခြင်းကို တောင်းဆိုလျှင် သို့မဟုတ် ယန္တရားအနေဖြင့် သီးခြား အဖွဲ့အစည်းထံမှ သတင်းအချက်အလက်များကို အကြိမ်ကြိမ် တောင်းခံမည်ဟု ကြိုတင်သိရှိထားလျှင် ယန္တရားသည် လုပ်ငန်း ဖြစ်မြောက်အောင်မြင်စေရန် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ မှုဘောင်ကို ညှိနှိုင်းမှုများ ပြုလုပ်နိုင် သည်။

၄၁။ လူ့အခွင့်အရေးကောင်စီကို ယခင် အစီရင်ခံစာ တင်ပြခဲ့ပြီးချိန်မှစ၍ ယန္တရားသည် သတင်းအချက် အလက်များအတွက် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံသို့ တရားဝင် တောင်းဆိုမှု ၁၈ ကြိမ်ပြုလုပ်ခဲ့ပြီး အများစုထံမှ သတင်းအချက်အလက်များနှင့် သက်သေခံအရာပစ္စည်းများကို ရရှိခဲ့ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံနိုင်ငံနှင့် ပတ်သက်၍ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်သည် ၎င်း စုဆောင်းရရှိခဲ့သော မျက်မြင်သက်သေများနှင့် အခြားသော သတင်း အချက်အလက် ပေးသူတို့ထံမှ သတင်းအချက်အလက်များကို ၎င်း၏ လုပ်ပိုင်ခွင့် ကုန်ဆုံးချိန်၌ ယန္တရားထံသို့ လွှဲပြောင်း ပေးခဲ့သည်။ ဤကိစ္စနှင့် ပတ်သက်၍ ယန္တရားသည် မျက်မြင်သက်သေများနှင့် အခြားသော သတင်း အချက်အလက်ပေးသူများအား ၎င်းတို့၏ သတင်းအချက်အလက်များကို ယန္တရား အနေဖြင့် အနာဂတ်တွင် စပ်ဆိုင်ရာ အဖွဲ့အစည်းများအား မျှဝေပေးနိုင်ရန်၊ ၎င်းတို့ထံမှ အကြောင်းစုံ သိရှိသဘောတူပြီးနောက် ခွင့်ပြုသည့်သဘောတူခွင့်ပြုချက်ကို ရယူရန် ဆက်သွယ်ခဲ့သည်။ ထို့ပြင် ယန္တရားသည် လက်ရှိကာလ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မှုဘောင် နှစ်ရပ်ကို ညှိနှိုင်းနေလျက်ရှိသည်၊ မှုဘောင် တစ်ရပ်မှာ ယန္တရားသို့ သတင်းအချက်အလက်များပေးခြင်းနှင့် သက်ဆိုင်မည်ဖြစ်ပြီး အခြားတစ်ခုမှာ လူတွေ့မေးမြန်းပုံနှင့် သက်ဆိုင်မည်ဖြစ်သည်။

၄၂။ ယန္တရားသည် ပြစ်ဒဏ်လျော့ပါးစေသည့်သက်သေ၊ ကျူးလွန်ခဲ့ကြောင်း ညွှန်ပြသည့် သက်သေ အထောက်အထား နှစ်မျိုးလုံး ရှာဖွေသည်ကို သတိပြုရန် အရေးကြီးပါသည်။ ပြစ်ဒဏ်လျော့ပါးစေသည့် သက်သေဟု ဆိုရာတွင် ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဥပဒေ ချိုးဖောက်မှု မမြောက်ခဲ့ပါဟု ညွှန်းဆိုနိုင်မည်ဖြစ်သည့် အချက်အလက်များ၊ သို့မဟုတ် မျက်မြင် သက်သေများ၏ ယုံကြည်နိုင်မှုအပေါ် ထိခိုက်သက်ရောက်စေသော သက်သေခံချက် ပါဝင်သည်။ ထို့ပြင် ပြစ်မှုများကို ဟန့်တားရန် သို့မဟုတ် ပြစ်မှုကျူးလွန်သူများအား စစ်မှန်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်၊

ဖြစ်နိုင်လျှင် ရာဇဝတ်မှုများအတွက်  တာဝန်ရှိသူများကို တရားစွဲဆို ပြစ်ဒဏ်ပေးရန် ခေါင်းဆောင်မှု ကဏ္ဍ အနေအထားများတွင် ရှိနေသူတို့မှ အားထုတ်ခဲ့ကြောင်းကို ညွှန်ပြနိုင်သည့် သက်သေများ ပါဝင်သည်။ ယန္တရားသည် ၎င်း၏လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သည့် ကိစ္စများနှင့် ဆိုင်သည့် မြန်မာနိုင်ငံတွင်းရှိ ပြည်တွင်းစုံစမ်း စစ်ဆေးမှုများ၊ တရားစွဲဆိုမှုများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို လက်ခံကြိုဆိုသည့်အပြင် ဆက်လက်၍လည်း တိုက်တွန်းမှုများ၊ လမ်းကြောင်းရှာ ချဉ်းကပ်မှုများ ပြုလုပ်သွားမည် ဖြစ်သည်။

၄၃။ ထို့ပြင် စုဆောင်းရေးနှင့်စုစည်းရေး လုပ်ငန်း အစိတ်အပိုင်းအဖြစ် ယန္တရားသည် အင်တာနက်၊ သတင်းမီဒီယာ၊ အများပြည်သူ တိုင်တန်းချက်နှင့် လူမှုရေးသတင်းမီဒီယာတို့ အပါအဝင် အများပြည်သူ အားဖြင့် သတင်းရရှိနိုင်သော အရင်းအမြစ်များမှ စပ်ဆိုင်ရာ အချက်အလက်များကို ဆက်လက် ဖော်ထုတ်ပြီး စုဆောင်းလျက်ရှိပါသည်။ ယန္တရားသည် အခမဲ့ရရှိသည့် အချက်အလက် အသုံးချ စုံစမ်းခြင်း (open source investigations)ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၎င်း၏ ကျွမ်းကျင်မှုကိုလည်း မြှင့်တင်လျက် ရှိသည်။ သက်ဆိုင်ရာ အတတ်ပညာနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက် နေသည့် အပြင် ၎င်း၏ ဝန်ထမ်းများအား အထူးပြု သင်တန်းပို့ချပေးခြင်းများကိုလည်း ဆောင်ရွက်လျက် ရှိသည်။

၄၄။ ယန္တရား၏ လုပ်ပိုင်ခွင့်မှာ အပြောင်းအလဲမရှိ ဆက်ရှိနေပြီး၊ ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုများ အားလုံး အကျုံးဝင်သည်။ ယန္တရားသည် ၎င်း၏လုပ်ပိုင်ခွင့် နယ်ပယ်အတွင်း သက်ရောက်လာနိုင်ဖွယ်ရှိသည့် မြန်မာနိုင်ငံတွင်းမှ  ဖြစ်စဉ်များကိုလည်း တစ်ပြိုင်နက် စောင့်ကြည့်လျက်ရှိသည်။ ထိုသို့ စောင့်ကြည့်ခြင်း အားဖြင့် ယန္တရားသည် ၎င်းလုပ်ပိုင်ခွင့်နှင့် အကျုံးဝင်သည့် မှုခင်းများနှင့် အဖြစ်အပျက်များ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာပါက အလျင်အမြန် သိရှိနိုင်မည်ဖြစ်သည်။ စဉ်ဆက်မပြတ် စောင့်ကြည့် ရန်လိုအပ်သော သို့မဟုတ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်သည်များကိုလည်း ဦးစားပေးနိုင် မည်ဖြစ်သည်။ စောင့်ကြည့်မှုများ ပြုလုပ်ခြင်းကြောင့် ဆက်စပ်နေသည့် အချက်အလက်များ ရှိနေနိုင်သည့် အဖွဲ့ဝင်နိုင်ငံများ၊ တသီးပုဂ္ဂလများ၊ အစုအဖွဲ့များကို ချက်ခြင်းဖော်ထုတ်နိုင်မည်ဖြစ်ကာ အချက်အလက် တောင်းခံမှုများကို ဆက်လက် ပြုလုပ်နိုင်မည် ဖြစ်သည်။

၄၅။ အထက်၌ ဆွေးနွေးတင်ပြခဲ့သော လုပ်မြဲလုပ်နေဆဲ ဖြစ်စဉ်များအပြင် တရားစီရင်ပိုင်ခွင့် ရှိသည့် နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများ သို့မဟုတ် ခုံရုံးများသို့ မျှဝေပေးနိုင်မည့် အမှုတွဲများတွင် ထည့်သွင်းရန်အတွက် သက်သေခံအထောက်အထားကို ဖော်ထုတ်ရန်အလို့ငှါ ယန္တရား လက်ဝယ်ရှိ သက်သေအရာပစ္စည်းများကို ဆက်လက်၍ ပြန်လည်သုံးသပ်ပြီး စိစစ်ပါသည်။ လက်ရှိ အချိန်အထိ ယန္တရား၏ အဓိကဦးစားပေးမှုများအနက် တစ်ခုမှာ မြန်မာနိုင်ငံနှင့် ပတ်သက်၍ နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်မှ လက်ခံရရှိခဲ့သော သက်သေခံအရာပစ္စည်းများကို စိစစ်ရန်နှင့် အကဲဖြတ်ရန် ဖြစ်သည်။

၄၆။ ယန္တရား၏ မူလ လုပ်ပိုင်ခွင့်အပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုနှင့် စပ်လျဉ်း၍ တင်ပြရလျှင် အထောက်အထား စုဆောင်းခြင်း၊ ပေါင်းစည်းခြင်း၊ ထိန်းသိမ်းခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် လှုပ်ရှားဆောင်ရွက်မှုများအား စောင့်ကြည့်ခြင်းများကို ရုံးမတက်ပဲ လုပ်ဆောင်နိုင်ရန် ပြုပြင် ပြောင်းလဲမှုများကို အလျင်အမြန် ဆောင်ရွက် နိုင်ခဲ့သည်။ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်း ချမှတ်ထားသော

သွားလာလှုပ်ရှားမှုနှင့် ခရီးသွား ပိတ်ပင်ကန့်သတ်ချက်များကြောင့် သတင်းအချက်အလက် အရင်းအမြစ်များနှင့် မျက်မြင်သက်သေများ တည်ရှိနိုင်သည့် နေရာများသို့ သွားရောက်ကာ ၎င်းတို့နှင့် တိုက်ရိုက် တွေ့ဆုံ အချက်အလက်များ ရယူနိုင်မှုပေါ်တွင် မရေမရာမှုများ အကြီးအကျယ်ဖြစ်ပေါ်စေခဲ့သည်။ ဗီဒီယိုကို အသုံးပြုသော တွေ့ဆုံဆွေးနွေးပွဲများသည် အသုံးဝင်သော်လည်း ပါဝင်ဆွေးနွေးသူများ၏ ဘေးကင်းမှုနှင့် လုံခြုံရေးတို့ကို သေချာစေရန် သတ်မှတ်ထားချက်များ ရှိသောကြောင့် ၎င်းနည်းကို အသုံးမပြုပဲ ကန့်သတ်ထားဆဲဖြစ်သည်။ ထို့ပြင် ပါဝင်ဆွေးနွေးသူများအားလုံးသည် အင်တာနက် အဆက်အသွယ် ရရှိသည့် နေရာတွင် ရှိနေကြသူများမဟုတ်ခြင်း၊ ဗီဒီယိုနည်းဖြင့် ဆက်သွယ်နိုင်လောက်သည့် အင်တာနက် မြန်နှုန်း ရှိသည့်နေရာတွင် ရှိနေကြသူများ မဟုတ်ခြင်းကြောင့်လည်း ၎င်းနည်းကို တွင်ကျယ်စွာ အသုံးမချခြင်း ဖြစ်သည်။

၄၇။ အထက်ပါအခြေအနေများအရ ယန္တရားသည် COVID-19 ကပ်ရောဂါဖြစ်ပွားနေစဉ် အတွင်း၊ အီလက်ထရွန်နစ်နည်းများဖြင့် ဘေးရန်ကင်းစွာ ဆက်သွယ်နိုင်သည့် အလားအလာရှိသတင်း ရင်းမြစ်များကို ဖော်ထုတ်ခြင်း၊ စာရွက်စာတမ်းများ၊ သက်သေအထောက်အထားများ၊ အချက်အလက်များ စုဆောင်း၊ ပေါင်းစည်းခြင်းကို အခမဲ့ရရှိသည့် အချက်အလက် အသုံးချ စုံစမ်းခြင်း (open source investigations) ၊ အချက်အလက်များ ရရှိရန် စာဖြင့် ပေးပို့တောင်းဆိုခြင်းတို့မှ တဆင့် ဆောင်ရွက်လျက် ရှိသည်။ တချိန်တည်း မှာပင် အနာဂတ် စုံစမ်းစစ်ဆေးမှုဆိုင်ရာကိစ္စအတွက်လည်း စီစဉ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ စုံစမ်း စစ်ဆေးမှု မစ်ရှင်များ စေလွှတ်ခြင်း မပြုမီ ကပ်ရောဂါ ဆိုင်ရာ ကန့်သတ်ချက်များ၊ ယန္တရား ဝန်ထမ်းများတွင် ဗိုင်းရပ်စ်ကူးနိုင်မှု အန္တရာယ်၊ ပါဝင်ဆွေးနွေးသူများ၏ လုံခြုံရေး၊ကျန်းမာရေးနှင့် အိမ်ရှင်နိုင်ငံ၏ သတ်မှတ်ချက်များနှင့် အမြင်များကို ထည့်သွင်းစဉ်းစားမည် ဖြစ်သည်။

## သတင်းအချက်အလက်၊ စာရွက်စာတမ်းများနှင့် သက်သေခံအထောက်အထားများကို မျှဝေပေးခြင်း

၄၈။ ယန္တရားလုပ်ပိုင်ခွင့်ပါ အချက်အလက်မျှဝေခြင်းနှင့် စပ်လျဉ်း၍ ယန္တရားသည် နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်မှ လက်ခံရရှိထားသည့် သက်သေခံပစ္စည်းများကို တရားစွဲဆိုမှု ဆိုင်ရာ အာဏာပိုင်ထံမှ တောင်းခံလာစဉ်တွင် ပေးအပ်ခဲ့သည်။ ယန္တရား၏ လုပ်ပိုင်ခွင့်နှင့်အညီ ပေးအပ်ခဲ့သည့် အပြင် အဆိုပါ မစ်ရှင်သို့ သတင်းအချက်အလက်ပေးခဲ့သူများ၏ သဘောတူခွင့်ပြုချက် တို့ကိုလည်း ရယူပြီးမှ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

၄၉။ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ တရားစီရင်နေဆဲအမှုများတွင် အသုံးပြုရန်အတွက် သတင်းအချက်အလက်များနှင့် စာရွက်စာတမ်းများအတွက် အဖွဲ့ဝင်နိုင်ငံ နှစ်နိုင်ငံထံမှ ယန္တရားသို့ပေးပို့သည့် တောင်းခံလွှာများလည်း လက်ခံရရှိခဲ့ပါသည်။ ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်သတ်မှတ်ချက် တို့နှင့် အညီ ဤတရားစွဲဆိုမှုများနှင့် သက်ဆိုင်သည့် သက်သေပစ္စည်းများကို အဆိုပါ သတင်းအချက်အလက်များနှင့် စာရွက်စာတမ်းများ ပေးခဲ့သူတို့၏ သဘောတူညီချက်ရယူကာ မျှဝေမှုပြုလုပ်ခဲ့ပါသည်။

# III. ရှေ့လုပ်ငန်းစဉ် နည်းဗျူဟာနှင့် အစီအစဉ်များ

၅၀။ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ထိရောက်စွာ အကောင်အထည်ဖော်ရှေ့ ဆက်နိုင်ရန် အတွက် မဟာဗျူဟာများချမှတ်၊ ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စများ သတ်မှတ်ပြီး ခိုင်မာသည့် လုပ်ငန်းစဉ်များကို အဆင့်ဆင့် အကောင်အထည်ဖော်ရန် စီစဉ်ထားပါသည်။ ကာလတို ရည်မှန်းချက်အဖြစ် ၂၀၂၀ နှင့် ၂၀၂၁ အတွက် လုပ်ငန်းများ လျာထားပြီး၊ ၎င်းနောက်ပိုင်းအတွက် ကာလရှည် ရည်မှန်းချက်များကို ချမှတ်ထားသည်။ အသေးစိတ်ကို နောက်ပိုင်းတွင် ဆက်လက်ဖော်ပြထားပါသည်။

၅၁။ တကမ္ဘာလုံးတွင် ဖြစ်ပွားနေသည့် COVID-19 ကပ်ရောဂါကြောင့် ယန္တရားအနေဖြင့် ၎င်း၏ အဓိက လုပ်ငန်းဖြစ်သော ထိတွေ့ဆက်ဆံမှုလုပ်ငန်းများ၊ သက်သေ အထောက်အထား စုဆောင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးမှာ ရေရာမှုမရှိသည်ကို ယန္တရားအနေဖြင့် ဆင်ခြင်မိသည်။ လက်ရှိကာလတွင် ဖြစ်ပေါ်နေသည့် အတားအဆီးများ၊ အကန့်အသတ်များရှိနေသည့်တိုင် ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့် တာဝန်များကို ဆက်လက် အကောင်အထည်ဖော်သွားမည် ဖြစ်သည်။ ပြောင်းလဲနေသည့် အခြေအနေများ နှင့်အညီ လုပ်ငန်းဆောင်ရွက်ပုံများနှင့် လုပ်ငန်းစဉ်များကို လိုက်လျောညီထွေ ပြောင်းလဲ ဆောင်ရွက် သွားမည်ဖြစ်သည်။

## က. ယန္တရား၏ စုဆောင်းခြင်း၊ ပေါင်းစည်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းဆိုင်ရာ အလုပ်များကို ထပ်မံတိုးချဲ့မှု

၅၂။ ယန္တရား၏လုပ်ပိုင်ခွင့်ဘောင်ဝင်သော ရာဇဝတ်မှုများနှင့် ပတ်သက်သည့် မှတ်တမ်းများ ပို၍စုံလင်ရန် အတွက် သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများနှင့် သက်သေခံအထောက်အထားများ စုဆောင်းခြင်း ကိစ္စကို ပို၍ အလေးအနက်ထား ဆောင်ရွက်ကာ၊ လုပ်ငန်း လှုပ်ရှားဆောင်ရွက်မှုများကို တိုးချဲ့လုပ်ကိုင်ပါမည်။ ယန္တရားသည် ဆန်းသစ်ပြီး သမရိုးကျမဟုတ်သော နည်းလမ်းများ၊ ပြောင်းလွယ်ပြင် လွယ်ရှိသော ဖြေရှင်းနည်းများကို အသုံးပြုကာ အချက်အလက် ရနိုင်ချေရှိသည့် သတင်းရင်းမြစ်များနှင့် သတင်းပေးသူများအား ဆက်သွယ်ရှာဖွေကာ လုပ်ငန်း ပမာဏကို ချဲ့သွားမည်ဖြစ်သည်။ ရာဇဝတ်မှုများကို တားဆီးရန် သို့မဟုတ် ပြစ်ဒဏ်ပေးရန် အာဏာပိုင်များ၏ ကြိုးပမ်းချက်များအပါအဝင် မြန်မာနိုင်ငံရှိ အဖြစ်အပျက်များအား စောင့်ကြပ်ကြည့်ရှုခြင်း၊ စုံစမ်းစစ်ဆေးခြင်းတို့ကိုလည်း ဆက်လက်လုပ်ပါမည်။

၅၃။ စုဆောင်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းဖြင့် ဦးစားပေး စုံစစ်းစစ်ဆေးရမည့် နယ်ပယ်၊ အဖြစ်အပျက် သို့မဟုတ် ဖြစ်စဉ်များကို ဆက်လက်ဖော်ထုတ်သွားမည်ဖြစ်သည်။ တွေ့ရှိချက် များပေါ်တွင် အခြေခံပြီး အနာဂတ်တွင် ဆောင်ရွက်မည့် စုဆောင်းခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်မည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရာဇဝတ်မှုများ၏ အတိုင်းအတာနှင့် ပြင်းထန်မှု၊ လိင်ဆိုင်ရာနှင့် ကျား-မ အခြေပြု ရာဇဝတ်မှုများအား ကျူးလွန်မှု၊ ကလေးများအပါအဝင် ထိခိုက်လွယ်သည့် အုပ်စုများအပေါ် ရာဇဝတ်မှုများ ၏ သက်ရောက်မှုအပါအဝင် ထောက်ထားစဉ်းစားရမည့် အချက် အများအပြားကို ထည့်သွင်း စဉ်းစားလျက် ဆောင်ရွက်မည်ဖြစ်သည်။ ခိုင်မာသည့် အမှုတခု တည်ဆောက်ရန်လိုအပ်သည့် နစ်နာသူများ၊ မျက်မြင် သက်သေများ၏ ထွက်ဆိုချက်များ ရရှိရန်လည်း ယန္တရားမှ အားထုတ်သွားမည်ဖြစ်သည်။ ယန္တရားမှ

ရွေးချယ်သည့် အမှုမှာ မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့် လူမျိုးစု ကွဲပြားခြားနားမှုတို့နှင့် လိုက်ဖက်မှု ရှိမရှိ ကိုလည်း ထည့်သွင်းစဉ်းစားမည် ဖြစ်သည်။ မဟာဗျူဟာအရ ယန္တရားသည် အကန့်အသတ်ရှိသည့် ၎င်း၏ အရင်းအမြစ်များကို ပုဂ္ဂိုလ်တစ်ဦးခြင်း၏ ပြစ်မှုဆိုင်ရာတာဝန်ရှိမှုကို ဖော်ထုတ်နိုင်မည့် ခိုင်မာသောအမှု တည်ဆောက်ရန်အတွက် လိုအပ်သည့် သက်သေအချက်အလက်များ ဖော်ထုတ်နိုင်မည့် လုပ်ငန်းများတွင် ထိထိ ရောက်ရောက် အသုံးချသွားမည် ဖြစ်သည်။

၅၄။ ဦးစားပေး စုံစမ်းစစ်ဆေးရမည့် ကိစ္စအဖြစ် သတ်မှတ်ထားမှုပေါ်တွင် အခြေခံ၍ ယန္တရားသည် ၎င်း ဦးစားပေးကိစ္စနှင့် ဆိုင်သည့် အချက်အလက်များပေးနိုင်သည့် သက်သေများကို ဆက်လက် ရှာဖွေသွားမည် ဖြစ်သည်။ ၂၀၁၁ ခုနှစ်မှ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုများ နှင့်ပတ်သက်ပြီး မျက်မြင် တွေ့ရှိခဲ့သူများနှင့် တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်သွားမည် ဖြစ်သည်။ မျက်မြင်သက်သေ တဦး၏ ထွက်ဆိုချက်ကို ရယူရာတွင် တာဝန်ခံမှု အမျိုးမျိုးကို လည်း ပံ့ပိုးပေးရမည် ဖြစ်သည်။ မျက်မြင်သက်သေများအား စစ်ဆေးရေးနှင့် ရွေးချယ်ရာတွင် တဦးချင်းစီကို အထူးဂရုပြု၍ စိစစ်မည်ဖြစ်သည်။ ထွက်ဆိုချက်နှင့် အမှုဆက်စပ်မှု၊ သက်သေ၏ လုံခြုံရေးနှင့် ဘေးကင်းရေး၊ သက်သေ၏ စိတ်ဒဏ်ရာများ ပြန်လည်နိုးဆွသကဲ့သို့ ဖြစ်နိုင်မှု အစရှိသော အချက်အလက်အမျိုးမျိုးကို ထောက်ထားစဉ်းစား၍ ရွေးချယ်သွားမည် ဖြစ်သည်။

၅၅။ အထက်ဖော်ပြပါ လုပ်ငန်းများကို အထောက်အပံ့ ပေးနိုင်ရန်အတွက် ယန္တရားသည် အချက်အလက် ပို့ပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ရေး မူဘောင်များ သို့မဟုတ် ပုံစံများကို ညှိနှိုင်း အပြီးသပ်ရန် ဆက်လက် ကြိုးပမ်းသွားမည် ဖြစ်သည်။ ၎င်းမူဘောင်များ သို့မဟုတ် ပုံစံများဖြင့် ယန္တရားသို့ အထောက်အထား ပစ္စည်းများ ပေးပို့ခြင်းနှင့် ဆိုင်သည့် လမ်းကြောင်းများ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်သွားမည် ဖြစ်သည်။

၅၆။ ယန္တရားသည် အချက်အလက် စုဆောင်းခြင်းလုပ်ငန်းများအပြင် လက်ခံရရှိထားပြီးဖြစ်သော၊ အသစ်လက်ခံ ရရှိထားသော အချက်အလက်၊ စာရွက်စာတမ်းမှတ်တမ်းနှင့် သက်သေအထောက်အထားများ ကို စိစစ်ခြင်းများ ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်သည်။ ယန္တရားသည် ၎င်းရရှိထားသည့် သက်သေများ၏ အမှုနှင့်စပ်ဆက်မှုကို ဆုံးဖြတ်ရန်အတွက် အီလက်ထရောနစ်ရှာဖွေရေး စနစ် (electronic discovery system)ကို အသုံးပြုမည် ဖြစ်သည်။ ၎င်းစနစ်အရ ယန္တရားသည် အမှုတွဲများကို လျင်လျင်မြန်မြန်၊ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည် ဖြစ်သည်။

## ခ) ချိတ်ဆက် ဆောင်ရွက်မှုများပြုလုပ်ခြင်း၊ သတင်းအချက်အလက်၊ စာရွက်စာတမ်း၊ အထောက်အထားများ စုဆောင်းရန်အတွက် လုပ်ငန်းအဖွဲ့များ စေလွှတ်မှု

၅၇။ ယန္တရားသည် ဂျီနီဗာတွင် အခြေစိုက်ထားပြီး၊ သက်သေအထောက်အထားများ၊ မျက်မြင်များနှင့် သတင်းအချက်အလက် အရင်းအမြစ်များသည် အမှုအခင်းဖြစ်ပေါ်သည့်နေရာ အနီးအနား၊ အတိအကျ ဆိုရလျှင် မြန်မာ သို့မဟုတ် အာရှ-ပစိဖိတ်ဒေသတွင် ရှိနေသည် ဖြစ်သောကြောင့်၊ ယန္တရားသည် သက်သေ

အထောက်အထားများကို အထိအခိုက်မရှိပဲ ထိရောက်စွာ ပံ့ပိုးပေးနိုင်သူများနှင့် ဆုံတွေ့နိုင်ရန် အတွက် လက်ခံနိုင်ငံများ နှင့် လက်တွဲဆောင်ရွက်ရန်လိုသည်။ မဟာဗျူဟာများချမှတ်ရန်လိုသည်။

၅၈။ ပထမ အဆင့်အနေဖြင့် ယန္တရားသည်၎င်း၏ လုပ်ငန်းများဝင်ရောက်ဆောင်ရွက်မည့် နိုင်ငံများသို့ အဆင့်မြင့် ကိုယ်စားလှယ်များပါဝင်သည့် မစ်ရှင် အဖွဲ့ဆက်လက်စေလွှတ်သွားရန် ရည်ရွယ်ထားသည်။ ထိုသို့ စေလွှတ်ရသည့် အကြောင်းရင်းမှာ အဖွဲ့ဝင်နိုင်ငံများမှ အစိုးရများနှင့် ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် ပတ်သက်ပြီး ဆွေးနွေးမှုများ ပြုလုပ်ရန်၊ ၎င်းတို့၏ နိုင်ငံနယ်နိမိတ်အတွင်း ဆောင်ရွက်ရန်လိုအပ်နေသည့် လုပ်ငန်းများ အကြောင်း ဆွေးနွေးတင်ပြရန်၊ လုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ရာတွင် အထောက်အပံ့ပြု ကူညီမှုများ ရရှိစေရန် ဆွေးနွေးမှုများ ပြုလုပ်ရန် ဖြစ်သည်။ ထိုကဲ့သို့ ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ရာတွင် သတိထားဆင်ခြင်စရာများကို ဆင်ခြင်ပြီး လျှို့ဝှက်စွာ ဆောင်ရွက်ရသည့် ယန္တရား၏ လုပ်ငန်းသဘာဝနှင့် အညီ ဆောင်ရွက်သွားမည် ဖြစ်သည်။

၅၉။ ယန္တရားသည် မြန်မာအစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အားထုတ်မှုများ ဆက်လက် ပြုလုပ်သွားမည် ဖြစ်သည်။ ယန္တရား၏ လုပ်ပိုင်ခွင့်များ အကောင်အထည်ဖော်ရာတွင် အစိုးရ၏ ပူးပေါင်းမှု ရရှိရန် ဆက်လက် အားထုတ်သွားမည် ဖြစ်သည်။ အတိအကျ ဆိုရလျှင် မြန်မာ နိုင်ငံ နယ်နိမိတ်အတွင်းသို့ ယန္တရားလုပ်ငန်းများ ဝင်ရောက် ဆောင်ရွက်ခွင့်ပြုရန် ဆက်လက် အားထုတ်သွားမည်ဖြစ်သည်။

၆၀။ အဆင့်မြင့် ကိုယ်စားလှယ်များ ပါဝင်သည့် ချိတ်ဆက်ဆွေးနွေးမှုများ၊ အမှုအခင်း ဖြစ်ပွားရာနိုင်ငံများမှ အစိုးရများ၏ သဘောတူညီချက်နှင့်အညီ  အဖွဲ့ဝင်နိုင်ငံ၏ နယ်နိမိတ်အတွင်း နေထိုင်နေသည့် မျက်မြင် သက်သေများနှင့် လူတွေ့မေးမြန်းခြင်းအပါအဝင် အချက်အလက်၊ စာရွက်စာတမ်းမှတ်တမ်း၊ သက်သေ အထောက်အထားများ စုဆောင်းရန်အတွက် သက်ဆိုင်ရာ နိုင်ငံများသို့ အလုပ်အဖွဲ့များစေလွှတ်ရန် ရည်ရွယ် ထားသည်။

၆၁။ ထိုသို့သော လုပ်ငန်းအဖွဲ့များ မလွှတ်မီ ၎င်းအဖွဲ့ စေလွှတ်ခြင်းနှင့် ဆိုင်သည့် ဦးစားပေးကိစ္စများကို ဖော်ထုတ်ရန် ရှင်းလင်းသည့်    ရည်မှန်းချက်များကို ဦးစွာချ မှတ်မည်ဖြစ်သည်။ မြေပြင်တွင် အမှန်တကယ် ဆောင်ရွက်မှု လုပ်ငန်း အသေးစိတ်ကိုလည်း တပါတည်း ပြင်ဆင်ထားမည် ဖြစ်သည်။ လုပ်ငန်းအဖွဲ့၏ အစီအစဉ်တွင် မျက်မြင်သက်သေများ၊ ပါဝင်ဆွေးနွေးသူများ၊ ယန္တရား ဝန်ထမ်း၏ ဘေးကင်းရေးနှင့် လုံခြုံရေး အနေအထားကို တွက်ချက်ထားသည့်  လုံခြုံရေးဆိုင်ရာ ဆန်းစစ်မှုလည်း ပါဝင်မည်ဖြစ်သည်။ ယန္တရား၏ လုပ်ငန်းဆောင်ရွက်မှုများ၊ စုဆောင်းထားသည့် အချက်အလက်များ မပေါက်ကြားရန် အတွက် လုပ်ငန်းအဖွဲ့သည် သိုသိုသိပ်သိပ် ဆောင်ရွက်မည်ဖြစ်သည်။

## ဂ. သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများနှင့် သက်သေခံအထောက် အထားများကို မျှဝေခြင်း

၆၂။ သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများနှင့် သက်သေခံအထောက်အထားများ မျှဝေပေးရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့ဖူးသည့် တရားစွဲဆိုသည့် အာဏာပိုင်၊ အဖွဲ့ဝင်နှစ်နိုင်ငံတို့နှင့် ချိတ်ဆက်ဆောင်ရွက် မှုများကို ရှေ့လျှောက်လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်း တာဝန်သတ်မှတ်ချက်များ နှင့်အညီ အဆိုပါ အဖွဲ့အစည်းများကိုဆက်လက် ပံ့ပိုးနိုင်သည့် နည်းလမ်းများကို စဥ်ဆက်မပြတ် ရှာဖွေသွားမည် ဖြစ်သည်။

၆၃။ ယန္တရား၏ ယခင် အစီရင်ခံစာတွင်ဖော်ပြခဲ့သည့်အတိုင်း ယန္တရားသည် တရားရုံး တစ်ရုံး မဟုတ်သည်ကို ရှင်းလင်းစွာဖော်ပြထားရန် အရေးကြီးပါသည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုများတို့နှင့် ပတ်သက်သည့် ပြစ်မှုဆိုင်ရာ တရားစွဲဆိုစီရင်မှုများကို တရားခွင် တွင်စစ်ဆေးနိုင်ရန်မှာ နိုင်ငံ၊ ဒေသ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများ သို့မဟုတ် ခုံရုံးများ၏ အာဏာပိုင်များ၏ ဆောင်ရွက်မှုများ လိုအပ်သည်။ ရုံးတင်ရန် အတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများနှင့် သက်သေခံအထောက်အထားများကို ယန္တရားသို့ တောင်းဆိုရယူနိုင်သည်။ ယန္တရားမှ စုဆောင်းသည့် သက်သေခံအထောက်အထားများကို အထိရောက်ဆုံး အသုံးချရန်၊ ပြစ်မှုဆိုင်ရာ တာဝန်ခံမှု ဖော်ထုတ်သည့် တရားစီရင်မှု လုပ်ငန်းစဥ်များတွင် အင်အား တရပ် အနေဖြင့် ပါဝင်ရန် ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်နှင့် အကျုံးဝင်သည့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဥ်များ၊ စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် အမှုအသွားအလာ တို့ကိုလည်း စဥ်ဆက်မပြတ် စောင့်ကြည့် နေမည်ဖြစ်သည်။ စိတ်ဝင်စားသည့် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများအတွက် ယန္တရား၏ သက်သေခံ အထောက်အထားစနစ်နှင့် ပတ်သက်၍ ရှင်းလင်းမှုများလည်း ပြုလုပ်မည်ဖြစ်သည်။

## ဃ. အရင်းခံ လုပ်ငန်းကို အထောက်အကူပြုရန် လိုအပ်သော နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများ၊ ဆော့ဖ်ဝဲ(software) နှင့် စွမ်းဆောင်ရည်များ ရယူခြင်း

၆၄။ အထက်တွင်ဖော်ပြထားသည့် လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်နိုင်ရန်အတွက် အကောင်အထည် ဖော်ခြင်းကို ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်နည်းပညာဆိုင်ရာ ကိရိယာ၊ဆော့ဖ်ဝဲ ကျွမ်းကျင်မှုများ စုစည်းထားမည် ဖြစ်သည်။ ပါဝင် ဆွေးနွေးသူများ၊ ယန္တရားဝန်ထမ်းများ ဘေးကင်းရေးနှင့် လုံခြုံရေးသာမက သက်သေအထောက်အထားများ ခိုင်မာမှန်ကန်မှု၊ ဆိုက်ဘာတိုက်ခိုက်မှုများမှ အကာအကွယ် ပေးခြင်းများလည်း ပါဝင်သည်။

၆၅။ သက်သေအထောက်အထားများ စီမံခြင်းနှင့်ပတ်သက်ပြီး လက်ခံရသည့် သို့မဟုတ် စုဆောင်းရရှိသည့် သက်သေခံပစ္စည်းအသစ်များကို ဆန်းစစ်၊ မှတ်တမ်းတင်ရန်၊ သက်ဆိုင်ရာ အချက်အလက်များ အညွှန်း (metadata) ပြုစုရန် အတွက် လိုအပ်သည့် ဆော့ဝ်ဝဲနှင့် ကိရိယာများကို ဝယ်ယူတပ်ဆင် သွားမည် ဖြစ်သည်။

ရရှိလာသည့် သက်သေပစ္စည်းများကို တိတိကျကျ စိစစ်၊ စီမံခြင်းများ ပြုလုပ်နိုင်ရန် ရုံးနေရာသစ်တွင် မှုခင်းဆိုင်ရာ အချက်အလက်များကို စိစစ်နိုင်သည့် ဓာတ်ခွဲခန်းတခု တည်ဆောက်မည် ဖြစ်သည်။ ဥပမာ ဗီဒီယို၊ ရုပ်ပုံကို ခွဲခြားစိစစ်သည့် ဆော့ဖ်ဝဲ ကဲ့သို့သော အထောက်အကူပြု နည်းပညာများလိုအပ်မှုရှိမရှိကို ဆုံးဖြတ်နိုင်ရန် ယန္တရားသည် ၎င်း၏ လုပ်ငန်းစဉ်များကို ပြန်လည် ဆန်းစစ်မည် ဖြစ်သည်။

၆၆။ သက်သေခံပစ္စည်းများ ထိန်းသိမ်းခြင်းနှင့်သိုလှောင်ခြင်းနှင့်စပ်လျဉ်း၍ ရုပ်ဝတ္ထုဆိုင်ရာနှင့် ဒီဂျစ်တဲလ်ဆိုင်ရာ သက်သေခံပစ္စည်းများ အတွက် ယန္တရား၏ အသစ် တည်ဆောက်ထားသော ရုံး အဆောက်အအုံတွင် လုံခြုံရေးစည်း အထပ်အထပ်ဖြင့် ကာကွယ်ထားသော မော်ကွန်းတိုက် တခုကိုထည့်သွင်း ထားမည်ဖြစ်သည်။ ၎င်းမော်ကွန်းတိုက်ကို ယန္တရားက လက်ရှိ၌အသုံးပြုနေသော အီလက်ထရွန်နစ်ဆိုင်ရာ စူးစမ်းရှာဖွေရေး စနစ်ဖြင့် ချိတ်ဆက်ထားမည် ဖြစ်သည်။

၆၇။ ယန္တရား၏ လုပ်ပိုင်ခွင့်တခုဖြစ်သော အချက်အလက်များ မျှဝေခြင်း ဆောင်ရွက်နိုင်ရန်အတွက် စိတ်ချလုံခြုံသည့် အွန်လိုင်း အချက်အလက် သိမ်းဆည်းမှု စနစ်တခုကို ဝယ်ယူလျက် ရှိသည်။ ဝယ်ယူ တပ်ဆင်ပြီးပါက သက်သေခံပစ္စည်းများ အဝင်အထွက် နှင့်ဆိုင်သည့် သတင်းအချက်အလက် လုံခြုံမှု၊ ဆိုင်ဘာ လုံခြုံရေးတို့ကို ပို၍အားကောင်းစေမည်ဖြစ်သည်။ သတင်းအရင်းအမြစ်များမှ ရရှိလာသည့် သက်သေခံ ပစ္စည်းများ၊ တောင်းခံလာသည့် အဖွဲ့အစည်းများသို့ မျှဝေလွှဲပြောင်းပေးခဲ့သည့် သက်သေခံပစ္စည်း၏ လုံခြုံရေး၊ အရင်းအမြစ် မပေါက်ကြားရေးကို ခိုင်မာအားကောင်းစေမည်ဖြစ်သည်။ သက်သေခံ ပစ္စည်းများ အလွှဲအပြောင်းနှင့် ဆိုင်သည့် အချက်အလက်များ၏ လုံခြုံရေး၊ အရင်းအမြစ်မပေါက်ကြားရေးကိုလည်း ပို၍ ခိုင်မာစေမည် ဖြစ်သည်။

၆၈။ ယန္တရား၏ အခြေခံလုပ်ငန်းများဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် ဖွဲ့စည်းပုံနှင့် ရာထူးနေရာများကို ဖော်ထုတ်၊ ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ လုပ်ပိုင်ခွင့်အကောင်အထည်ဖော်ရာတွင် မျှော်မှန်းချက်၊ ဦးစားပေးမှုများနှင့် အညီဆောင်ရွက်ရန်အတွက် လိုအပ်သည့် ကျွမ်းကျင်မှုများ ရှိနေစေရန် ဖြစ်သည်။ ယန္တရား၏ သက်သေအထောက်အထားစုဆောင်းခြင်း၊ စိစစ်ခြင်း နှင့် အမှုတည်ဆောက်ခြင်းများကို အလျင် အမြန် ဆောင်ရွက်နိုင်ရန်အတွက် တတ်နိုင်သမျှ အမြန်ဆုံး ဝန်ထမ်းများ ခန့်ထားနိုင်ရန်လည်း ရည်ရွယ်လျက် ရှိသည်။ ဝန်ထမ်းအင်အား အပြည့်အဝ ခန့်ထားနိုင်ခြင်းသည် နစ်နာသူနှင့် မျက်မြင်သက်သေ အကာအကွယ် ပေးမှု၊ မှုခင်းစစ်ချက်၊ ဝန်ထမ်းများ၏ ဘေးကင်းရေးနှင့် လုံခြုံရေး အပါအဝင် ကိစ္စအမျိုးမျိုး အပါအဝင် နယ်ပယ်အလိုက် လိုအပ်သည့် ကျွမ်းကျင်မှုများကို ဖြည့်ဆည်း တိုးတက်စေမည် ဖြစ်သည်။ ယန္တရား လုပ်ငန်းတာဝန် သတ်မှတ်ချက်များနှင့်အညီ ကွဲပြားသည့် ဥပဒေအယူအဆများ၊ ပထဝီ အခြေခံ ကွဲပြားမှု၊ ကျား-မ လိင် အမျိုးအစား တန်းတူရှိမှု၊ ဒေသတွင်းရေးရာကျွမ်းကျင်မှု၊ သက်ဆိုင်ရာ ဘာသာစကား ကျွမ်းကျင်မှု အစရှိသည်များ ကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။

၆၉။ လေ့ကျင့်ရေးဆိုင်ရာ မူဝါဒချမှတ်ထားသည်နှင့်အညီ ယန္တရားသည် ၎င်း၏ ဝန်ထမ်းများသည် သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ သင်တန်းများပုံမှန် ရရှိနေစေရန် ဆောင်ရွက်မည်ဖြစ်သည်။ သို့မှသာ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုသည် အမြဲတမ်းတိုးတက်နေပြီး ယန္တရား၏ လုပ်ပိုင်ခွင့်များ အကောင်အထည် ဖော်မှုတွင် အထောက် အကူပြုနိုင်မည် ဖြစ်သည်။ သက်သေစုဆောင်းမှုဆိုင်ရာ နည်းလမ်းသစ်များ၊ လုပ်ငန်းနှင့် စပ်နွှယ် သည့် နည်းပညာသစ်များကို လေ့ကျင့်သင်တန်းပေးသွားမည် ဖြစ်သည်။

## C. သက်ဆိုင်သူများနှင့် ဆက်သွယ်လုပ်ကိုင်မှု၊ အများပြည်သူနှင့် ကမ်းလင့် ဆက်သွယ်မှု

၇၀။ အလွှာစုံမှ သက်ဆိုင်သူများထံသို့ ယန္တရားနှင့်ဆိုင်သည့် မှန်ကန်သည့်သတင်းများကို အချိန်နှင့်တပြေးညီ ပေးပို့နိုင်ရန်အတွက် ယန္တရားသည် ၎င်း၏ ဆက်သွယ်လုပ်ကိုင်မှု၊ အများပြည်သူနှင့် ကမ်းလင့်ဆက်သွယ်မှု မဟာဗျူဟာကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်သည်။

၇၁။ ယန္တရားသည် သတင်းလွှာကို အချိန်မှန် ထုတ်ဝေသွားမည် ဖြစ်သည်။ ယန္တရား၏ ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး စိတ်ဝင်စားလေ့လာလိုသူများကို သတင်းပေးနိုင်ရန်အတွက် ဝက်ဘ်ဆိုက်ဒ်တွင်လည်း ပုံမှန် တင်ပြမှုများ ပြုလုပ်သွားမည် ဖြစ်သည်။ သက်ဆိုင်သူများ၊ မြန်မာနိုင်ငံသားများနှင့် အဆင်ပြေသည် သတင်း တင်ဆက်မှုကို အသုံးပြုမည်ဖြစ်သည်။ လူမှုကွန်ယက်တွင် လူပ်ရှားတင်ပြမှုများ ပြုလုပ်ရန် သင့်မသင့် ကိုလည်း ဆန်းစစ်သွားမည်ဖြစ်သည်။

၇၂။ အာရှ-ပစိဖိတ်ဒေသတွင် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ ပြုလုပ်နေ သကဲ့သို့ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို ဂျီနီဗာ၊ နယူးယောက်လည်းကောင်း၊ ၎င်းတို့နိုင်ငံ ရုံးစိုက်ရာမြို့များတွင်လည်းကောင်း ပုံမှန် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းဆက်စပ်နေသည့် ဒေသတွင်း အဖွဲ့အစည်းများသို့လည်း ယန္တရား၏ တိုးတက်ဆောင်ရွက်မှုများကို အချိန်နှင့်တပြေးညီ သတင်း ပေးပို့လျက်ရှိပြီး ၎င်းတို့အထောက်အပံ့များ ဆက်လက်ရရှိစေရန်လည်း ဆောင်ရွက်လျက်ရှိသည်။ ယန္တရား၏ လုပ်ငန်းနှင့်ပတ်သက်ပြီး သိရှိလိုသည့် အဖွဲ့ဝင်နိုင်ငံများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ရှိလာပါကလည်း ဖိတ်ကြားချက်နှင့်အညီ ရှင်းလင်းတင်ပြမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

# IV - နိဂုံး

၇၃။ စတင်ဖွဲ့စည်းသည့်ချိန်မှစပြီး ယန္တရားသည် ၎င်း၏ ပင်မမဏ္ဍိုင်စုဖွဲ့မှုနှင့် ပတ်သက်ပြီး ကြီးမားသည့် တိုးတက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာကပ်ဖြစ်သော COVID-19 ဖြစ်ပွားနေသည့်အချိန်တွင်ပင် လုပ်ပိုင်ခွင့်များ အကောင်အထည်ဖော်မှုကို တွန်းအားဖြစ်စေသည့် အခြေခံလုပ်ငန်းများ ဆောင်ရွက်မှုကို အရှိန်မြင့် ဆောင်ရွက်နိုင်ခဲ့သည်။ စီစဉ်ထားပြီးဖြစ်သော လုပ်ငန်းစဉ်များကို ရှေ့ဆက်ဆောင်ရွက်သွားနိုင်ရန် တည်ဆောက်ပြီးဖြစ်သော အခြေခံ၊ လုပ်ငန်းအရှိန်အဟုန်များဖြင့် ဆက်လက်ရှေ့ဆက်မည် ဖြစ်သည်။ လာမည့် နှစ်အတွက် သတ်မှတ်ထားသည့် အဓိကရည်ရွယ်ချက်မှာ နယ်ပယ်စုံတွင် ၎င်း၏လုပ်ငန်းများ တိုးချဲ့ကာ ထဲထဲဝင်ဝင်ဆောင်ရွက်ရန် ဖြစ်သည်။ အတိအကျဆိုရလျှင် ဦးစားပေး စုံစမ်းရမည့် ဖြစ်စဉ်များ ဖော်ထုတ်ခြင်း၊ မျက်မြင်သက်သေနှင့် အခြား သတင်းရင်းမြစ်များထံမှ သက်သေအထောက်အထားများ စုစည်းခြင်း၊ လူတွေ့မေးမြန်းခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်သည်။

၇၄။ ယန္တရားသည် ၎င်း၏အခြေခံပင်မ လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်လာသည်နှင့် တပြိုင်နက် လုပ်ငန်းဆောင်ရွက်မှုနှင့် ဝန်ထမ်းများ၊ ပါဝင်ဆွေးနွေးသူများ၊ ထိန်းသိမ်းထားသည့် သက်သေ

အထောက်အထားများ၏ မှန်ကန်ခိုင်မာမှု၊ ဘေးကင်းမှု၊ လုံခြုံမှုကို ထိပါးစေနိုင်သည့် အန္တရာယ်များလည်း အလိုအလျောက် မြင့်တက်လာမည်ဖြစ်သည်။ လုပ်ပိုင်ခွင့်နှင့်ဆိုင်သည့် လုပ်ငန်းများဆောင်ရွက်စဉ်တွင် ပေါ်ပေါက်လာသည့် အန္တရာယ်များကို လျော့ချနိုင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းကျွမ်းကျင်မှုရှိသော ပုဂ္ဂိုလ်များကို ခန့်ထားနိုင်ရန်အတွက် ယန္တရားတွင် လိုအပ်သည့် အရင်းအမြစ်များ ရှိနေရန်မှာ အထူး အရေးကြီးသည်။ လုပ်ငန်းနှင့် ဆက်စပ်နေသည့် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းပါဝင်မှုနှင့် အထောက်အပံ့ ပေးမှုများလည်း လိုအပ်လျက်ရှိသည်။

၇၅။ ယန္တရားသည် ချမှတ်ထားသည့် မဟာဗျူဟာများ၊ ရွေးချယ်သတ်မှတ်ထားသည့် ဦးစားပေးကိစ္စများမှ ဖော်ဆောင်ထားသည့် လမ်းကြောင်းအတိုင်းရှေ့ဆက်မည်ဖြစ်သော်လည်း COVID-19 ကြောင့် ကမ္ဘာ့ အခြေအနေမှာ အမြဲတမ်းအပြောင်းအလဲဖြစ်ပေါ်နေသည်။ ကပ်ရောဂါ၏ သက်ရောက်မှုနှင့် အကျိုးဆက်များ သည် ယန္တရား၏ လုပ်ငန်းများကို နှောင့်နှေးစေမည် ဖြစ်သကဲ့သို့ ယန္တရား လုပ်ငန်းဝင်ရောက်ဆောင်ရွက်ရမည့် သို့မဟုတ် လက်တွဲရမည့် နယ်မြေများ၊ ရပ်ရွာများ နှင့် အဖွဲ့အစည်းများကို အဆိုးသက်ရောက်မှုများရှိစေ မည်ဖြစ်သည်။ ယန္တရားသည် လုပ်ငန်းနှင့်ဆက်စပ်နေသည့် အခြေအနေများကို စဉ်ဆက်မပြတ် ဆန်းစစ် နေမည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ပုံများကိုလည်း စဉ်ဆက်မပြတ်သုံးသပ်ကာ အဆင့်မြင့်တင် ဆောင်ရွက်ရမည့် လုပ်ငန်းအပိုင်းများကိုလည်း ဖော်ထုတ်သွားမည်ဖြစ်သည်။ လုပ်ငန်းလမ်းကြောင်း တလျောက် ပေါ်ပေါက်လာသည့် အတားအဆီးများ ဖယ်ရှားကာ သက်သေအထောက်အထားများကို လျင်လျင်မြန်မြန် ထိထိရောက်ရောက် စုစည်းနိုင်ရန်  အတွက် သမရိုးကျမဟုတ်ပဲ အလွယ်တကူအပြောင်း အလဲပြုလုပ်နိုင်သည့် နည်းလမ်းများကို ဖော်ထုတ်သွားမည်ဖြစ်သည်။

၇၆။ မြန်မာနိုင်ငံတွင်း ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သူများ၏ တာဝန်ခံမှုကို ဖော်ထုတ်သည့် လုပ်ငန်းသည် ကျူးလွန်ခံရသူများအတွက် မည်မျှ အရေးပါသည်ကို ယန္တရားမှ အပြည့်အဝ နားလည်ထား ပါသည်။ ယန္တရားသည် ရာဇတ်မှုဆိုင်ရာ ရုံးတင်စစ်ဆေးမှုပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်း၊ စစ်ဆေးမှုကို အထောက်အကူပြု ပံ့ပိုးခြင်းဖြင့် ကျူးလွန်ခဲ့သည်များအတွက် တာဝန်ခံမှု ဖော်ထုတ်သည့် လုပ်ငန်းစဉ်တွင် အဓိကနေရာမှ ဆက်လက်ပါဝင်ရန်၊ ၎င်း၏ လုပ်ပိုင်ခွင့်များကို ဆက်လက် အကောင်အထည်ဖော်နေရန် အရေးကြီးသည်။ ထိုကိစ္စများကို ယန္တရား တဦးတဖွဲ့တည်းဖြင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ယန္တရားဖွဲ့စည်းရသည့် ရည်ရွယ်ချက်ကို အပြည့်အဝ ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်း အားလုံး၏ ပံ့ပိုးကူညီမှုများ၊ ဝန်းရံမှုများ ဆက်လက်ရရှိနေရန်လိုအပ်ပါသည်။

---------------------------

ဤ မြန်မာဘာသာပြန်သည် ကုလသမဂ္ဂက တရားဝင် ဘာသာပြန်ထားခြင်း မဟုတ်ပါ။